# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၇)ရက် ၊ ကြာသပတေးနေ့ ၊ (7-5-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမို ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်**

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်ပြီး "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဟု ဆောင်ပုဒ်ချမှတ်ထားသည်နှင့်အညီ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် အဓိကကျသည့် ပို့ကုန်၊ သွင်းကုန်များကို လေ့လာဆန်းစစ်ချက်များအရ မိမိတို့နိုင်ငံမှ အထည်ချုပ်လုပ်ငန်းထုတ်ကုန်များ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့လျက်ရှိပြီး ပြည်ပမှ လောင်စာဆီများ၊ စားသုံးဆီများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို တင်သွင်းနေရပြီး ကုန်သွယ်မှုလိုငွေရှိနေဆဲဖြစ်ကြောင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

**တားဆီးကာကွယ် မီးခိုးမြူငွေ့အန္တရာယ် ဆောင်းပါး**
စာမျက်နှာ - ၂၁

**ဒီဇယ်ဆီတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု**
စာမျက်နှာ - ၂၆

**ဓာတ်မြေသြဇာများတင်သွင်းမှု အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု**
စာမျက်နှာ - ၂၆

**သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုသွားမည်**
စာမျက်နှာ - ၂၆




ရတနာပုံ
၂၀၁၆ ခုနှစ် မေ ၇ ရက်

အယ်ဒီတာ့အာဘော်

# အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ကတ်ပြုလုပ်ရာတွင် အွန်လိုင်းလိမ်လည်မှု သတိပြု

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် ပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသားကတ်၊ နိုင်ငံသားပြုကတ်များရှိရန်လိုအပ်သည်။ ထို့ကြောင့် အချို့ပြည်သူများသည် ရုံးလုပ်ငန်းများဆောင်ရွက်တတ်ခြင်းမရှိသဖြင့် အဆိုပါကိစ္စရပ်များကို ပွဲစားများဖြင့်ဆောင်ရွက်ကြသည်ကို တွေ့ရပေသည်။

ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း ပြည်သူများအတွက် လက်ငင်းဦးစားပေးလုပ်ငန်းအဖြစ် အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့်နိုင်ငံသားများကို သက်ဆိုင်ရာ လဝကရုံးများတွင်လည်းကောင်း၊ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများကို ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID ကောက်ယူခြင်းလုပ်ငန်းများကို သက်ဆိုင်ရာစာသင်ကျောင်းများတွင်လည်းကောင်း လမင်းစီမံချက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်နှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံးမှုများကိုe-IDစနစ်ဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေး၍ မြို့နယ်အဆင့် ငါးဦးကော်မတီဖြင့် အိမ်ထောင်စုဦးရေစာရင်း၊ နိုင်၊ ဧည့်၊ ပြုကတ်များပြန်လည်ဆောင်ရွက်ထုတ်ပေးလျက်ရှိသော်လည်း အချို့သောပြည်သူများသည် ရုံးလုပ်ငန်းများ ဆောင်ရွက်တတ်ခြင်းမရှိသဖြင့် ပွဲစားများဖြင့်ဆောင်ရွက်ခဲ့ရာ မလိုလားအပ်သည့်ပြဿနာများ၊ စာရွက်စာတမ်းအတုများရရှိခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြမည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လာရောက်သည့်အခါ ရုံးများအဝင်ရှိ ဧည့်ကြိုကောင်တာတွင် လဝကဝန်ထမ်းများက စိစစ်စာရင်းသွင်းပြီးနောက် အခက်အခဲရှိသည့် ပြည်သူများအတွက် အတူလိုက်ပါပြီး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများကလည်း နိုင်ငံသားစိစစ်ဆေးရေးကတ်၊ အသိအမှတ်ပြုကိုင်ဆောင်ခွင့်ရကတ်ပြား ရရှိကိုင်ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကိုင်ဆောင်ခွင့်ရအသိအမှတ်ပြုကတ်ပြားတစ်မျိုးမျိုးသည် နိုင်ငံတော်အတွက်သာမက နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအတွက်လည်း လွန်စွာအရေးပါသည်။ အလုပ်အကိုင်လုပ်ကိုင်ရာတွင်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားလာရာတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အသိအမှတ်ပြုကိုင်ဆောင်ခွင့်ရကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းတို့သည် မဖြစ်မနေလိုအပ်သည့် အရာများဖြစ်သည့်အတွက် အတုအပများရရှိမှုမဖြစ်ပေါ်စေရေး လွန်စွာအရေးကြီးကြောင်း သတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ လက်မှတ်များပြုလုပ်ရာတွင် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများမှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးနေသဖြင့် အွန်လိုင်းတွင် ကြော်ငြာထားသော စာရွက်စာတမ်းအတုများ ပွဲစားများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုမိရန် သတိပြုကြရမည်ဖြစ်ပါကြောင်း နှိုးဆော်ရေးသားလိုက်ရပေသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၄၅၀၀ စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၄၅၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၄၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲစင်းငုံ ဧက ၃၄၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်အတွင်းရှိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့် လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချား သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင် အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေထံမှ သိရသည်။ (၂၀၆)

# တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်းသင်တန်းဖွင့်

**တံတားဦး မေ ဖ**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျွတ်ဖိုကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာ ထုတ်လုပ်နည်းသင်တန်း ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာ ထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာ ထုတ်လုပ်နည်းသင်တန်းကို အုတ်ကျွတ်ဖိုကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး အဆိုပါသင်တန်းတွင် သဘာဝမြေဩဇာ ထုတ်လုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို မေ ၆ ရက် မှ ၈ ရက်ထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ရင်ကွဲသရက်သီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း မေ ဖ**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ သရက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ရင်ကွဲသရက်သီးများသည် ဈေးကွက်အတွင်း ယခုနှစ် မေလပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သရက်သီး အလုံးရေ ၂၅၀၀၀ မှ ၃၅၀၀၀ ထိ ဝယ်ယူမှု များပြားပြီးအရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သရက်သီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေတယ်။ လက်ရှိ တစ်ရက်ကို သရက်သီးအလုံးရေ ၃၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ သရက်သီးတွေက အရည်သွေးကောင်းပြီး လတ်ဆတ်ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေထွက်ရှိတဲ့ သရက်သီးတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ အခုလိုဒေသထွက်ကုန် သရက်သီးတွေ ဝယ်ယူအားကောင်းလာတော့ စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ သရက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လက်ရှိ ရင်ကွဲသရက်သီးများအပါအဝင် ဒေသထွက် သရက်သီးများ ပေါ်နေသည့်အချိန် ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက်သရက်သီးများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် သရက်သီးစိုက်ပျိုးသူများ၊ သရက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ သရက်သီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖျာပုံမြို့နယ် ကျုံဖဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

ဖျာပုံ မေ ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ကျုံဖဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မေ ၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကျုံဖဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကျုံဖဲကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၂ ဒသမ ၄၉၆ သန်း စုစုပေါင်း ငွေကျပ် ၂၇ ဒသမ ၄၉၆ သန်းဖြင့် ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဧပြီလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့် ပြီးစီးသွားပါကအဆိုပါ ကွန်ကရစ်လမ်းကို ရာသီမရွေးအသုံးပြု၍ ဖျာပုံ-ကျိုက်လတ် အဝေးပြေးကားလမ်းမကြီးသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့်အတွက်ကြောင့် ကျေးရွာရှိ ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးလာမည်ဖြစ်ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်ထံမှ သိရသည်။

တေဇာလင်း

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၄၁၆၄ ဧကစိုက်ပျိုးမည်


ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

ခင်ဦး မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၄၁၆၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၆၄၁၆၄ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၄၁၆၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး မေ ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ အငှမအကြိမ်ထုတ်ချေးခြင်းကို မေ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ အငှမအကြိမ်အဖြစ် ဆီထွက်သီးနှံစိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# တောင်တွင်းကြီးမြို့နယ် စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

တောင်တွင်းကြီး မေ ၆

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးသီတာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စမ်းကြီးကျေးရွာ၌ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လစဉ်ဖြည့်သွင်းရသည့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်စိုးသီတာက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စမ်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ်ရှစ်သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၄၃၃ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ရှစ်သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄၉ ဒသမ ၅ သိန်းထိ ထုတ်ချေးပေးထားကြောင်း သိရသည်။

နွဲ့ယဉ်

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဇလွန် မေ ၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့သော မတ်လအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီလအတွင်း ကျားပျံဆန် အိတ်ရေ ၅၇၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခင်လကထက် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဇလွန်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံဆန်က ဆန်ချောအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်တယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု ဇလွန်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန်များသည် အရည်အသွေးကောင်းမွန်ကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်း လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# လူသားပီသ စိတ်ထားလှ

– လူသားဆန် လူပီသ
စိတ်ထားလှ မင်းသူငါ၊
အတ္တတွေ ဘယ်မထား
ရှောင်ရှားဖယ်ခွာ၊
လူလူချင်း ကိုယ်ချင်းစာ
ချစ်မေတ္တာ ရင်မှာမွေး၊
ကြင်နာပါ လူသားတိုင်းကို
ရိုင်းပင်းစို့လေး ။

– ဖြူစင်ဖွယ် နှလုံးသွေးနဲ့
အမုန်းမပေး လူ့ဝန်းကျင်၊
ပရစိတ်ကို ထူထောင်ပျိုး
သယ်ပိုးအစဉ်၊
ရခဲသော လူ့ဘဝတွင်
သိဉာဏ်ယှဉ် နေထိုင်သွား၊
အဖိုးတန် လူသားအဖြစ်ကို
ထုဆစ်လှုပ်ရှား။

– ကောင်းမှုကို စည်သာပွားလို့
မင်္ဂလာတရား ကျင့်ကြံလေ၊
မကောင်းမှုကို အစွယ်ဖြတ်
ပယ်သတ်နိုင်စေ၊
စိတ်ကိုမြင့် စွမ်းဆောင်နေ
လုပ်ရပ်တွေ ဖြူသန့်ရှင်း၊
ကိုယ့်နာမည် ဂုဏ်သတင်းကို
ထုံသင်းစေမင်း ။ ။

ရဲသွေးနီ (တက်ဝန်)

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၁၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

ဝက်လက် မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၂၁၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၂၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲကြီးဧက ၂၁၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်ပေးသွားပါမယ်။ လက်ရှိမှာတော့ ပဲကြီးတွေ စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ရွှက်အတွင်း၌လည်းမဟာသမုဒ္ဒရာဝယ် တံပိုးဖြင့်ပစ်တင်၍ မသန့်ရှင်းသော အညစ်အကြေးတို့သည် ကမ်း၌ရောက်ဘိသကဲ့သို့ ရွှေပြည်တော်တွင် သာသနာ၏ ဆန့်ကျင်ဘက်ဖြစ်သော အညစ်အကြေးတို့သည် ရှင်းလင်းသန့်စင်စေခြင်းအကျိုးငှာ စန္ဒီနတ်လက်နှစ်ဖက်ဝယ် တံမြက်စွဲလျက်ရုပ်ဟန်မြတ်သောရွှေစင်ဖြင့် ရေးထားရသည်။

**၅။ စံရာတံခါး**

ပါပခေတ်စံရာတံခါး ကမ္ဗတ်အတွင်း၌လည်း ရွှေပြည်တော်တွင် ပြည်သူလူတကာအပေါင်းတို့သည် ဒါနသီလကိုသာအားထုတ်၍ သာသနာတော်မြတ်အတိုင်းထက်အလွန် စည်ပင်ပွားများစေခြင်း အကျိုးငှာ အဝစ္ဆရနတ် စိပ်ပုတီးစွဲလျက် ရုပ်ဟန်အရုပ်ကို မြတ်သော ရွှေစင်ဖြင့် ရေးထားရသည်။

**၆။ ကလေးတံခါး**

မိတ်နံရ ကလေးတံခါးတော်၌ အရုပ်မထား

**၇။ ရန်အောင် (မြင်) တံခါး**

ရွှေမြို့တော်၏ ဘုမ္မိပဒေသဖြစ်သော ရန်အောင် (မြင်) တံခါးတော် ကမ္ဗတ်အတွင်း၌ အပြည်ပြည်ထောင်မင်းတို့မှစ၍ ခပ်သိမ်းသော ပြည်ဆူးပြည်ညောင့် သူပုန်သူကန် ရန်သူအပေါင်းတို့သည် ကြောက်ရွံ့တုန်လှုပ်၍ ပျောက်ပစေခြင်းအကျိုးငှာ ကုဝေရနတ် သံလျက်စွဲလျက် ရုပ်ဟန်အရုပ်ကို မြတ်သောရွှေစင်ဖြင့် ရေးထားရသည်။

**၈။ လေသာတံခါး**

အမြိတ္တခေတ် လေသာတံခါးတော်ရွက်အတွင်း၌ အပြည်ပြည်ထောင် ထီးဆောင်းမင်းအပေါင်းတို့သည် ရွှေပြည်တော်၏သတင်းကျေးဇူး ထိုပြည်၌ အရှင်မင်းဧကရာဇ် ဘုန်းတော်တန်ခိုးတော်အပေါင်းတို့ကို အတိုင်းထက်အလွန် ပျံ့နှံ့ကျော်ကြားစေခြင်းအကျိုးငှာ နေနတ်သားလက်၌ ကာဘောင်စွဲကိုင်ဟန်အရုပ်ကို မြတ်သောရွှေစင်ဖြင့် ရေးထားရသည်။

**၉။ မာန်အောင်တံခါး**

မိတ်နံရမာန်အောင်တံခါးတော်ရွက် ကမ္ဗတ်အတွင်း၌လည်း အရပ်လေးမျက်နှာမှ မီခိုရောက်ပေါက်လာသော လူအပေါင်းတို့သည် မိမိအတို့အလိုအတိုင်း ပြည့်စုံပျော်မွေ့သာယာစေကြောင်း ရွှေပြည်တော်၌ အမျိုးလေးပါးတို့သည်လည်း မငြိုမငြင် ဝပြောသာယာစေခြင်း၊ ရွှေပြည်တော်တွင်နေသမျှ ကာလပတ်လုံးနှလုံးချမ်းမြေ့စေခြင်းအကျိုးငှာ လနတ်သားလက်၌ ကရားစွဲကိုင်လျက်အရုပ်ကို မြတ်သောရွှေစင်ဖြင့် ရေးထားရသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

ကျောက်တန်း မေ ၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြံပင်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက မေ ၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဝန်ထမ်းများက ရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကြံပင်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းတာဝန်ခံအား လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ ရေကန်၏ ရေသိုလှောင်နိုင်မှု ပမာဏတိုးတက်လာစေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကြံပင်ကျေးရွာ၌ အလျား ပေ ၈၀၊ အနံ ပေ ၈၀၊ အနက် သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် အလျား ပေ ၈၀၊ အနံ ပေ ၅၀ အကျယ် ရှစ်ပေရှိ ရေကန်ပေါင်ချဲ့ခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာနေပြည်သူများအတွက် သောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အိပိုးပိုး

## နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ ပေကျင်းမြို့၌ အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ



**ပေကျင်း မေ ၆**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် ပေကျင်းမြို့သို့ရောက်ရှိနေသော အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အာရက်ချီနှင့် ယနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တရုတ်နိုင်ငံသို့မလာရောက်မီ ရက်သတ္တတပတ်အလို ယနေ့တွင် တစ်ရက်ကြာ တရုတ်ခရီးစဉ်အဖြစ် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီ တရုတ်နိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူထားသည့်တိုင် ဟော်မုဇ်ရေလက်ကြားကို ထိန်းချုပ်ရေးအတွက် မေ ၄ ရက်က စစ်ရေးတိုက်ခိုက်မှုများ အသီးသီးပြုလုပ်ခဲ့သည်။

တရုတ်နိုင်ငံသည် အီရန်စစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ ကြားနေမူဝါဒကိုကျင့်သုံးခဲ့ပြီး အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေးအတွက် သံတမန်ရေးအရ ကြားဝင်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သည်။

လက်ရှိရယူထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဆက်လက်စောင့်ထိန်းကြရန် တရုတ်အစိုးရက အမေရိကန်နှင့် အီရန်နိုင်ငံတို့ကို တိုက်တွန်းပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မေ ၁၄ ရက်မှ ၁၅ ရက်ထိ တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ပိတ်မိနေသည့်သင်္ဘောများ ကယ်ထုတ်မှုစစ်ဆင်ရေးကို ယာယီရပ်နားထားမည်ဟု သမ္မတဒေါ်နယ်ထရမ့် ပြောကြား



**ဝါရှင်တန် မေ ၆**

ပင်လယ်ကွေ့ရေပြင်များအတွင်း ပိတ်မိနေသော သင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ခေါ်ထုတ်မှုစစ်ဆင်ရေးကို ယာယီရပ်နားထားမည်ဟု အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က မေ ၅ ရက်တွင် ပြောကြားထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန် ရေတပ်သည် ပင်လယ်ကွေ့ ရေပြင်များအတွင်း ပိတ်မိနေသော သင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် ကယ်ထုတ်မှုစစ်ဆင်ရေးကို မေ ၄ ရက်တွင်စတင်ခဲ့ပြီး အမေရိကန် မှတ်ပုံတင် သင်္ဘောနှစ်စီးကို အောင်မြင်စွာ ခေါ်ထုတ်ပေးနိုင်ခဲ့သည်။

ထိုသို့ ကယ်ထုတ်ရာတွင် ဟော်မုဇ်ရေလက်ကြား၌ စစ်ရေးအရထိတွေ့မှုများရှိခဲ့ပြီး ယူအေအီးနိုင်ငံ၏ ရေနံလုပ်ငန်း အခြေခံအဆောက်အအုံများကို ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့သည်။

သို့ရာတွင် ပါကစ္စတန်နိုင်ငံနှင့် အခြားနိုင်ငံများ၏ကြားဝင်မေတ္တာရပ်ခံချက်အရ ပရောဂျက်ဖရီးဒမ်း ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများဖွင့်လှစ်မှုစစ်ဆင်ရေးကို ယာယီအားဖြင့်ရပ်နားထားမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

ထို့ပြင် အီရန်စစ်ရေးပဋိပက္ခကို အဆုံးသတ်ပေးမည့် အပြီးသတ်သဘောတူညီချက်တစ်ရပ် ရယူရေး ကြိုးပမ်းမှုများမှာလည်း တိုးတက်မှုများရှိနေသည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# မြောက်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များ၌ အချုပ်အခြာနယ်နိမိတ်ကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်

**ပြုံယမ်း မေ ၆**

မြောက်ကိုရီးယား နိုင်ငံသည် ၎င်း၏ အချုပ်အခြာပိုင်နယ်မြေကို အဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ထားသည်ဟု ယနေ့ သတင်းများတွင် ရေးသားတင်ပြထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များသည် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတို့ကို သီးခြားနိုင်ငံများအဖြစ် သတ်မှတ်ရေးအတွက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ကြိုးပမ်းမှုကို ဥပဒေအဖြစ် ပြောင်းလဲထားခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များထဲတွင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေပြီး တောင်ဘက်တွင် တောင်ကိုရီးယားနှင့် နယ်နိမိတ်ချင်းထိစပ်နေကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ထို့ပြင် မြောက်ကိုရီးယား ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်များထဲတွင် ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ရည်ညွှန်းချက်များကိုလည်း ဖယ်ရှားထားသည်။

အလားတူ မြောက်ကိုရီးယား ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်များထဲတွင် ကင်ဂျုံအန်ကို နိုင်ငံတော် အကြီးအကဲအဖြစ် သတ်မှတ်ထားသော ပြင်ဆင်ချက်လည်း ပါဝင်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်များကို ယခုနှစ် မတ်လအတွင်း ကျင်းပခဲ့သည့်မြောက်ကိုရီးယား ပြည်သူ့လွှတ်တော် အစည်းအဝေးက အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဒုက္ခရောက်နေသော အိန္ဒိယကုန်တင်သင်္ဘောကို ပါကစ္စတန်ရေတပ်က အကူအညီများပေး

**အစ္စလာမ္မာဘတ် မေ ၆**

အာရေဗီယန် ပင်လယ်ရေပြင် အတွင်း ဒုက္ခရောက်နေသော အိန္ဒိယ ကုန်တင်သင်္ဘောတစ်စီးကို ပါကစ္စတန်ရေတပ်က အကူအညီများပေးခဲ့သည်ဟု ပါကစ္စတန် တပ်မတော်က မေ ၅ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမ်ဗွီဂေါ်တမ် အိန္ဒိယကုန်တင်သင်္ဘောသည် အိုမန်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေစဉ် အင်ဂျင်ချွတ်ယွင်းမှုနှင့် ကြုံခဲ့ရပြီး အာရေဗီယန် ပင်လယ်အတွင်း သောင်တင်နေခဲ့သည်။

အမ်ဗွီဂေါ်တမ်ကုန်တင်သင်္ဘော၏ အကူအညီတောင်းခံမှုကို ပါကစ္စတန်ရေတပ်က လက်ခံရရှိခဲ့ပြီးနောက် ကက်ရှ်မီးယား စစ်သင်္ဘောကို စေလွှတ်ပေးခဲ့ကြောင်း ပါကစ္စတန်တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကက်ရှ်မီးယား စစ်သင်္ဘောသည် အမ်ဗွီဂေါ်တမ်ကုန်တင်သင်္ဘောပေါ်မှ သင်္ဘောသားများအတွက် စားနပ်ရိက္ခာ၊ ဆေးဝါးအကူအညီများ၊ သင်္ဘောအတွက် နည်းပညာအကူအညီများ ပေးခဲ့ကြောင်း ပါကစ္စတန်ရေတပ်တာဝန်ရှိသူများက ပြောကြားထားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရယူခဲ့ပြီးနောက်ပိုင်း စစ်ရေးပဋိပက္ခသုံးကြိမ်ထိဖြစ်ပွားခဲ့ဖူးသည့် အိမ်နီးချင်းပြိုင်ဘက်နိုင်ငံများဖြစ်ကြသည်။

ပြီးခဲ့သည့်လကလည်း ပါကစ္စတန်ရေတပ်သည် အာရေဗီယန် ပင်လယ်မြောက်ပိုင်း၌ ဒုက္ခရောက်နေသော ကုန်တင်သင်္ဘောတစ်စီးကို ကူညီကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ရုရှားနိုင်ငံမှဝယ်ယူထားသော ပထမဆုံးအသုတ်ရေနံစိမ်းများ ဂျပန်လက်ခံရရှိ



**တိုကျို မေ ၆**

ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ခံထားရပြီးနောက်ပိုင်း ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် ပထမအသုတ် ရေနံစိမ်းများကို လက်ခံရရှိခဲ့သည်ဟု ဂျပန်မီဒီယာများက မေ ၅ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားရေနံစိမ်းများသယ်ဆောင်ထားသည့် ရေနံတင်သင်္ဘောသည် မေ ၅ ရက်တွင် ဂျပန်နိုင်ငံ အနောက်ပိုင်း အိုင်မာဘာရီ ဆိပ်ကမ်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သော အီရန်စစ်ရေးပဋိပက္ခကြောင့် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများပိတ်ဆို့မှုကြောင့် ကမ္ဘာ့စွမ်းအင်ဈေးကွက်သို့ ရေနံဝင်ရောက်မှုပြတ်တောက်သွားချိန်တွင် ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံထံမှ စွမ်းအင်များ ဝယ်ယူတင်သွင်းလာခဲ့ရသည်။

ကမ္ဘာ့ရေနံ ဈေးကွက်အတွက် ရေနံဖြည့်ဆည်းနိုင်မှုပြတ်တောက်နေမှုကြောင့် အာရှ-ပစိဖိတ်ဒေသအပေါ် များစွာအကျိုးသက်ရောက်မှုရှိနေကြောင်း ဂျပန်ဝန်ကြီးချုပ်တာကာအိချီက မေ ၄ ရက်တွင် ပြောကြားထားသည်။

ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ယူကရိန်းစစ်ရေး ပဋိပက္ခကိုအကြောင်းပြု၍ ဆက်ဆံရေးတင်းမာနေသည့် နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာက သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် လပေါ်၌ မီးမွှေးစမ်းသပ်မှုတစ်ခုပြုလုပ်ရန် စီစဉ်ထား




**ဝါရှင်တန် မေ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သည် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် လပေါ်၌ မီးမွှေးစမ်းသပ်မှုတစ်ခုပြုလုပ်ရန် စီစဉ်ထားကြောင်း မေ ၅ ရက် သတင်းများအရ သိရသည်။

အားတီးမစ်-၄ မစ်ရှင်ဖြင့် လမျက်နှာပြင်ပေါ်သို့ လူသားများပြန်လည်မစေလွှတ်မီ လပေါ်၌ မီးမွှေးစမ်းသပ်မှုပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

လမျက်နှာပြင်ပေါ်၌ မီးတောက်မီးလျှံများ လှုပ်ရှားပြုမူပုံကို နားလည်ရေးအတွက် လမျက်နှာပြင်ပေါ်၌ မီးမွှေးစမ်းသပ်မှုပြုလုပ်မည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အထက်ပါ စမ်းသပ်မှုအတွက် ၂၀၂၇ ခုနှစ်အတွင်း လောင်စာနမူနာလေးမျိုး ထည့်သွင်းထားသော သိပ္ပံပညာစမ်းသပ်ရေးစနစ်ကို လဆင်းယာဉ်တစ်စင်းဖြင့် ပို့ဆောင်ရန် စီစဉ်ထားသည်။

လပေါ်သို့ ရောက်ရှိချိန်တွင် အထက်ပါ စမ်းသပ်ရေးကိရိယာဖြင့် မီးများမွှေး၍ မီးတောက်များ ပြုမူပုံကို ကင်မရာစနစ်များဖြင့် စောင့်ကြည့် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

လူသားများလိုက်ပါမည့် အနာဂတ် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များ ဘေးကင်းလုံခြုံရေးအတွက် ကမ္ဘာဂြိုဟ်ထက် ဒြပ်ဆွဲအား များစွာပိုနည်းပါးသော လပေါ်၌ မီးတောက်မီးလျှံမည်သို့ ပြုမူပုံကို စမ်းသပ်ရန် နာဆာက စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အပိုးဖစ်ဂြိုဟ်သိမ်တစ်စင်းက ကမ္ဘာဂြိုဟ်ကို အလွန်နီးကပ်စွာ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သော်လည်း ကမ္ဘာနှင့်ဝင်တိုက်နိုင်ခြေမရှိဟုဆို

**ဝါရှင်တန် မေ ၆**

အရွယ်အစားအားဖြင့် ကမ္ဘာကျော် အီဖယ်မျှော်စင်တမျှကြီးမားသော အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီလတွင် ကမ္ဘာဂြိုဟ်ကို အလွန်နီးကပ်စွာ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သော်လည်း ကမ္ဘာနှင့် ဝင်တိုက်နိုင်ခြေမရှိကြောင်း သိပ္ပံပညာရှင်များက မေ ၅ ရက်တွင် ပြောကြားသည်။



အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင် ၂၀၀၀၀ ခန့် အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အပိုးဖစ်ဂြိုဟ်သိမ်ကို ၂၀၀၄ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီးနောက် ၎င်းဂြိုဟ်သိမ်၏ လမ်းကြောင်းကို အဆက်မပြတ် စောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ကမ္ဘာဂြိုဟ်နှင့် အပိုးဖစ်ဂြိုဟ်သိမ်တို့ကြား အကွာအဝေးမှာ အလွန်နီးကပ်သော်လည်း ကမ္ဘာမြေအတွက် အန္တရာယ်မရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အပိုးဖစ်ဂြိုဟ်သိမ် ကမ္ဘာကို အနီးကပ်ဖြတ်ကျော် ပျံသန်းချိန်တွင် ၎င်းဂြိုဟ်သိမ်ကို အောစီးရစ်-အေပက် အာကာသယာဉ်ဖြင့် လေ့လာရန်စီစဉ်ထားသည်။

အလားတူ ဥရောပအာကာသအေဂျင်စီက အပိုးဖစ်ဂြိုဟ်သိမ်ကို အာကာသယာဉ် တစ်စင်းဖြင့် စူးစမ်းလေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ပလူတိုဂြိုဟ်သိမ်၏အလွန်ရှိ ကျောက်သားဂြိုဟ်သိမ်ငယ်တစ်စင်းက လေထုလွှာတစ်ခု ပိုင်ဆိုင်ထား

**တိုကျို မေ ၆**

ပလူတိုဂြိုဟ်သိမ်၏ အလွန်ရှိ ကျောက်သားဂြိုဟ်သိမ်ငယ် တစ်စင်းသည်လေထုလွှာတစ်ခုပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များက မေ ၅ ရက်တွင် ပြောကြားသည်။

အထက်ပါအဆိုမှန်ကန်ခဲ့ပါက 2002 XV93 အမည်ရှိ အထက်ပါဂြိုဟ်သိမ်သည် နက်ပကျွန်းဂြိုဟ်နေပတ်လမ်းအလွန်ရှိ ဂြိုဟ်သိမ်များအနက် လေထုလွှာပိုင်ဆိုင်ထားသော ဒုတိယမြောက်ဂြိုဟ်သိမ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

နက်ပကျွန်းဂြိုဟ်၏ နေပတ်လမ်းအလွန် အာကာသဒြပ်ထုများအနက် လေထုလွှာ လက်ရှိပိုင်ဆိုင်ထားသော အာကာသဒြပ်ထုမှာ ပလူတိုဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

2002 XV93 ဂြိုဟ်သိမ်သည် နေနှင့်ကီလိုမီတာခြောက်ဘီလီယံအကွာတွင် တည်ရှိပြီး အရွယ်အစားမှာ အချင်းအားဖြင့် ကီလိုမီတာ ၅၀၀ ရှိကြောင်း သိရသည်။

2002 XV93 ဂြိုဟ်သိမ်ပေါ်၌ လေထုလွှာ တည်ရှိနေနိုင်မှုကို ဂျပန်သိပ္ပံပညာရှင်များက လေ့လာတင်ပြခဲ့ကြခြင်းဖြစ်သည်။

2002 XV93 ဂြိုဟ်သိမ်၏ လေထုလွှာမှာ ကမ္ဘာ့လေထုလွှာထက် ငါးဆမှ အဆ ၁၀ သန်းထိ ပို၍ ပါးလွှာနိုင်သည်ဟု ဂျပန်သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ဗိုင်းရပ်ရောဂါတစ်မျိုးကူးစက်မှုက ရင်သားကင်ဆာဆဲလ်များပျံ့နှံ့မှုကို ကာကွယ်နိုင်

**လန်ဒန် မေ ၆**

ဗိုင်းရပ်ရောဂါတစ်မျိုးကူးစက်မှုသည် ရင်သားကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက မေ ၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Respiratory Syncytical Virus (RSV) ဗိုင်းရပ်ကူးစက်ရောဂါသည် ရင်သားကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်သည့် အကျိုးသက်ရောက်မှု ရှိကြောင်း သိရသည်။

RSV ဗိုင်းရပ် ကူးစက်ခံခဲ့ရပါက ချောင်းဆိုးခြင်း၊ အအေးမိဖျားနာခြင်းများ ဖြစ်ပွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် RSV ဗိုင်းရပ်ကူးစက်ခံထားရသည့် ကြွက်များ၌ ရင်သားကင်ဆာဆဲလ်များ ထည့်သွင်းစမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ RSV ဗိုင်းရပ်ကူးစက်မှုသည် အဆုတ်၏ ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အဆုတ်အင်္ဂါသည် ရင်သားကင်ဆာဆဲလ်များ ကူးစက်မှုအများဆုံး ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ကူရာကယ်ရာမဲ့ခံစားချက်ဝင်နေသူများ၌ နာကျင်ကိုက်ခဲမှုဝေဒနာများ ပြင်းထန်လာတတ်

**လန်ဒန် မေ ၆**

ကူရာကယ်ရာမဲ့ ခံစားချက်ဝင်နေသူများ၌ နာကျင်ကိုက်ခဲမှုဝေဒနာများ ပြင်းထန်လာတတ်ကြောင်း သုတေသနပညာရှင်များက မေ ၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ ဝါးဝစ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ပိုင်းဆိုင်ရာအရ ပြိုကွဲနေသူများ၌ နာကျင်ကိုက်ခဲမှု ဝေဒနာများ ဆိုးရွားပြင်းထန်နေတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် နာတာရှည်နာကျင်ကိုက်ခဲမှုပြဿနာများရှိနေသည့် အရွယ်ရောက်သူ ၁၃၇ ဦးတို့၏ အတွေး၊ ခံစားချက်နှင့် အပြုအမူများကို စောင့်ကြည့်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ လူမှုအသိုက်အဝန်းနှင့်ကင်းကွာ၍ ကူရာကယ်ရာမဲ့ခံစားချက် ဝင်နေသူများ၌ နာကျင်ကိုက်ခဲမှု ဝေဒနာများ ဆိုးရွားပြင်းထန်လာတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ပိုင်းဆိုင်ရာ ပြိုကွဲနေသူများတွင် သိမ်ငယ်စိတ်ဝင်လာတတ်ပြီး ၎င်းသိမ်ငယ်စိတ်ကြောင့်ပင် စိတ်ပိုင်းပြိုကွဲမှုလည်း ပိုဆိုးလာကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဗြိတိန်နိုင်ငံ၌ ၂၀၄၀ ပြည့်နှစ်အရောက်တွင် နာတာရှည်နာကျင်ကိုက်ခဲမှုဝေဒနာရှင် ၁ ဒသမ ၉ သန်းထိ ရှိလာနိုင်သည်ဟု သုတေသနပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာ့ကြယ်ပွင့်ဖိုက်တာ သွေးလင်းထက်နှင့် ထိုင်းဖိုက်တာ ချာပါရက်တို့ ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် မေ ၆**

ONE Championship က ကြီးမှူးကျင်းပသည့် One Friday Fight ပြိုင်ပွဲတွင် မွေထိုင်းဖလိုင်းဝိတ် ဝိတ်တန်းပွဲစဉ်အဖြစ် မြန်မာ့ကြယ်ပွင့်ဖိုက်တာ သွေးလင်းထက်နှင့် ထိုင်းဖိုက်တာ ချာပါရက်တို့ လာမည့် မေ ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

နောက်ပိုင်းတွင် အပတ်စဉ် သောကြာနေ့တိုင်း ကျင်းပနေသည့် ONE Friday Fight ပြိုင်ပွဲများတွင် မြန်မာဖိုက်တာများ ဝင်ရောက်ထိုးသတ်နေပြီး ယခုရက်သတ္တပတ်တွင် ကျင်းပမည့် ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ သွေးလင်းထက်က ထိုင်းဖိုင်တာ ချာပါရက်နှင့် ထိုးသတ်မည်ဖြစ်သည်။

သွေးလင်းထက်သည် ONE Friday Fight ပြိုင်ပွဲတွင် ရှစ်ပွဲထိုးသတ်ထားရာ ငါးပွဲအနိုင်၊ သုံးပွဲရှုံးနိမ့်ထားပြီး ထိုင်းဖိုက်တာ ချာပါရက်သည် ONE Friday Fight ပြိုင်ပွဲတွင် ၁၀ ပွဲထိုးသတ်ထားရာ ရှစ်ပွဲအနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားသည်။

သွေးလင်းထက် အနေဖြင့် နောက်ဆုံး ထိုးသတ်ထားသည့် နှစ်ပွဲဆက် ရှုံးနိမ့်ထားသည့်အတွက် ချာပါရက်နှင့်ထိုးသတ်ရမည့်ပွဲစဉ်ကို အနိုင်ရရှိရန် ပြင်ဆင် လေ့ကျင့်နေကြောင်း သိရသည်။

**STA**



# ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ် ပွဲကြိုသုံးသပ်ချက်များ

STA

**အေဗီလာ Vs နော်တင်ဟမ်**

ကစားမည့်ရက်/အချိန် ၈-၅-၂၀၂၆ (နံနက် ၀၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နော်တင်ဟမ် ၁ - ၀ အေဗီလာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |
| နော်တင်ဟမ် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

ပထမအကျော့ကရှုံးနိမ့်ခဲ့တဲ့ အေဗီလာအသင်းဟာ အိမ်ကွင်းမှာ ပြန်လည်အနိုင်ရယူနိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ နော်တင်ဟမ်အသင်းကလဲ ရလဒ်တွေဆက်တိုက်ကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းဖြစ်လို့ရုန်းကန်ရမှာပါ။ ဒါ့ကြောင့် အိမ်ရှင်အားသာချက်ရှိတဲ့ အေဗီလာအသင်းက အနိုင်ရသွားမှာပါ။

**ခန့်မှန်းရလဒ်- အေဗီလာ ၁ - ၀ နော်တင်ဟမ်**

**ဖရိုင်းဘတ် Vs ဘရာဂါ**

ကစားမည့်ရက်/အချိန် ၈-၅-၂၀၂၆ (နံနက် ၀၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘရာဂါ ၂ - ၁ ဖရိုင်းဘတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |
| ဘရာဂါ | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(သရေ) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဖရိုင်းဘတ်အသင်းဟာ အိမ်ကွင်းမှာ ဘရာဂါအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ ဘရာဂါအသင်းကတော့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလဲ ရုန်းကန်ရမှာပါ။ ဒါ့ကြောင့် ဖရိုင်းဘတ်အသင်းက နိုင်ပွဲရယူသွားမှာပါ။

**ခန့်မှန်းရလဒ်- ဖရိုင်းဘတ် ၂ - ၁ ဘရာဂါ**

# WBO လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် မက်ဆင်က ကာရစ်တန်နှင့် ထိုးသတ်မည်




**ဝါရှင်တန် မေ ၆**

WBO လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမားများဖြစ်ကြသည့် မက်ဆင်သည် စိန်ခေါ်သူ ကာရစ်တန်နှင့် ဇူလိုင် ၄ ရက်တွင် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကလဲဗားလန်းမြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ မက်ဆင်သည် လက်ဝှေ့လောကတွင် အသက်အငယ်ဆုံး ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သကဲ့သို့ စိန်ခေါ်သူ အသက် ၂၉ နှစ်ရှိ ကာရစ်တန်သည်လည်း ရှုံးပွဲမရှိသေးသည့် WBC ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သည်။

ကာရစ်တန် အနေဖြင့် ဝိတ်တန်းရွှေ့ပြောင်းကာ မက်ဆင်ကိုစိန်ခေါ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအတွက် ကြီးမားသည့်စိန်ခေါ်မှုဖြစ်သည်။

မက်ဆင်က "ကာရစ်တန်က ကျွန်တော့်ထက် စီနီယာကျတဲ့ ကစားသမား တစ်ယောက်ပါ။ သူ့အကြောင်း ကျွန်တော်သိသလို သူလဲ ကျွန်တော့်အကြောင်းသိပါတယ်။ ဝိတ်တန်းညှိပြီးထိုးသတ်ရတဲ့ စိန်ခေါ်ပွဲဖြစ်ပြီး ကျွန်တော့်အတွက်လဲ ကမ္ဘာ့ချန်ပီယံကို ပထမဆုံးအကြိမ် ကာကွယ်တဲ့ပွဲစဉ်ဖြစ်ပါတယ်။ နှစ်ယောက်လုံးအတွက် မွေးရပ်မြေမှာ ထိုးသတ်သွားကြမှာဖြစ်သလို အမေရိကန်ပရိသတ်တွေရှေ့မှာ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်သွားရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အကောင်းဆုံးတော့ ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : DAZN**

**Trs : AZL**

# အေတီကိုအသင်းကို အနိုင်ရပြီး အာဆင်နယ်အသင်း ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်

**လန်ဒန် မေ ၆**

ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် အေတီကိုအသင်းတို့ ကစားခဲ့ရာ အာဆင်နယ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး တစ်ဂိုးဖြင့် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အေတီကိုအသင်းသည် ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ အိမ်ကွင်းပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အကြိတ်အနယ်ရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် အာဆင်နယ်အသင်းက အိမ်ကွင်း၌ ထိရောက်သည့်တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သည့်အပြင် ဂိုးသမားရာယာကလည်း အေတီကိုအသင်း၏ ဂိုးကန်သွင်းခွင့်အပိုင်အခွင့်အရေးများကို ကာကွယ်နိုင်ခဲ့သောကြောင့် ပွဲချိန် ၄၅ မိနစ်တွင် အာဆင်နယ်အသင်း၏ အသင်းခေါင်းဆောင် ဆာကာ၏သွင်းဂိုးဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို လာမည့် မေ ၃၀ ရက်တွင် ဟန်ဂေရီနိုင်ငံ ဘူဒါပတ်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အာဆင်နယ်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်မှ အနိုင်ရမည့်အသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# အာရှယူ-၁၇ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ဆော်ဒီအာရေဗျအသင်းကို လေးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်

**ရန်ကုန် မေ ၆**

ဆော်ဒီအာရေဗျ နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၇ အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ် အဖြစ် ကစားခဲ့သည့် အိမ်ရှင် ဆော်ဒီအာရေဗျ အသင်းနှင့် မြန်မာအသင်းတို့ပွဲစဉ်တွင် မြန်မာအသင်းက လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ထက်ဝေယံ၊ ပိုင်စိုးကျော်၊ မြင့်မြတ်ကိုကို၊ မျိုးခန့်ကျော်၊ အောင်သီဟ၊ ဝင်းမင်းသန့်၊ ညီညီသန့်၊ မြတ်မင်းသူ၊ ချန်းလန်းတန်၊ အောင်မြတ်သာ၊ ဟန်ထူးလွင် အစရှိသည့် အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အိမ်ရှင်ဆော်ဒီအာရေဗျအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ပြီး မြန်မာအသင်းတွင် ဂိုးသမား ထက်ဝေယံနှင့်အတူ ခံစစ်ကစားသမားများ အမှားအယွင်း များခဲ့ပြီးနောက် ပွဲချိန် သုံးမိနစ်၊ ၂၃ မိနစ်တို့တွင် မက်ခ်ကီက ဆော်ဒီအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ဆော်ဒီအာရေဗျအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။



ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ဆော်ဒီအာရေဗျအသင်းကပင် ဆက်လက်ဖိအားပေးကစားခဲ့ကာ မြန်မာအသင်းအနေဖြင့် နည်းစနစ်ပိုင်းတွင် ဆော်ဒီအာရေဗျအသင်းကို ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ ခံစစ်ကစားသမားများ၏ အမှားအယွင်းများဖြင့် ပွဲချိန် ၅၈ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ရှာကွာရာ၊ ပွဲချိန် ၇၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဒေါ်ဆာရီတို့က ဆော်ဒီအာရေဗျအသင်းအတွက် ဦးဆောင်ဂိုးများဆက်လက်သွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဆော်ဒီအာရေဗျအသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အာရှယူ-၁၇ အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းသည် မေ ၁၀ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက ရုရှားနိုင်ငံထုတ် S-400 တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်သစ်တစ်ခု ထပ်မံဖြည့်တင်းမည်



အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထုတ် S-400 တာဝေးပစ် လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်သစ် တစ်ခုကို ထပ်မံဖြည့်တင်းမည်ဖြစ်ပြီး အကွာအဝေးများစွာမှ ရန်သူ့လေယာဉ်နှင့် ဒုံးကျည်များကို ထောက်လှမ်းချေမှုန်းနိုင်စွမ်း ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း Army Recognitionသတင်းဌာနက ဧပြီ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့ ဖြည့်တင်းနိုင်မှုသည် အိန္ဒိယ၏ မဟာဗျူဟာမြောက် စစ်ရေးပစ်မှတ်များကို ကာကွယ်ပေးနိုင်မည့် အလွှာလိုက် အကာအကွယ်ကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်းသိရသည်။

ရုရှားနိုင်ငံထုတ် S-400 ဒုံးကျည်သည် လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည် အချို့ကိုပါ အလွှာလိုက် ကြားဖြတ် တိုက်ခိုက်နိုင်စွမ်းရှိသဖြင့် စစ်မြေပြင် ကွပ်ကဲသူများအတွက် ကျယ်ပြန့်သော နယ်မြေအတွင်း လိုက်လျောညီထွေရှိသည့် တုံ့ပြန်မှုများကို ပြုလုပ်နိုင်သည်။ ၂၀၂၄ ခုနှစ် မေလလယ်တွင် စတုတ္ထမြောက်စနစ်ကို လက်ခံရရှိမည်ဖြစ်ပြီး နောက်ဆုံး ပဉ္စမမြောက်စနစ်ကိုမူ နိုဝင်ဘာလတွင် လက်ခံရရှိရန် စီစဉ်ထားကြောင်းသိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံနှင့် S-400 စနစ် ငါးစုံအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ တန်ဖိုးရှိ စာချုပ်ကို ချုပ်ဆိုခဲ့ပြီးဖြစ်သည်။

အဆိုပါ စနစ်များကို အထူးသဖြင့် မြောက်ဘက်နှင့် အနောက်ဘက် နယ်စပ်ဒေသများကဲ့သို့ ထိရှလွယ်သော နယ်မြေများတွင် ဖြန့်ကြက်ထားခြင်းဖြင့် ရန်သူ့လေတပ်နှင့် ဒုံးကျည်တပ်ဖွဲ့များ၏ ခြိမ်းခြောက်မှုကို ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံထုတ် S-400 ဒုံးကျည်သည် လက်ရှိကမ္ဘာပေါ်တွင် အသုံးပြုနေသော အဆင့်မြင့်ဆုံးတာဝေးပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်များအနက် တစ်ခုဖြစ်ပြီး အသုံးပြုသည့်ဒုံးကျည်အမျိုးအစားပေါ်မူတည်၍ ကီလိုမီတာ ၄၀၀ အကွာအဝေးထိ ပစ်ခတ်နိုင်စွမ်းရှိသည်။ ၎င်းစနစ်တွင် အလွန်ဝေးသော အကွာအဝေးမှ ပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်ရန် 40N6 ဒုံးကျည်များကိုအသုံးပြုထားသကဲ့သို့ အလတ်စားနှင့် အနီးကပ်လေကြောင်း ခြိမ်းခြောက်မှုများအတွက် 48N6 နှင့် 9M96 အမျိုးအစား ဒုံးကျည်များကိုလည်း ပေါင်းစပ်အသုံးပြုထားသည်။ ၎င်းကဲ့သို့ အလွှာလိုက်ဖွဲ့စည်းထားသည့် လက်နက်စနစ်ကြောင့် လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ပဲ့ထိန်းဒုံးကျည် အမျိုးအစားအချို့ကိုပါ ထိရောက်စွာ ဟန့်တားနိုင်ခြင်းဖြစ်သည်။

ထို့ပြင် S-40 0 ၏ အဆင့်မြင့်ရေဒါစနစ်များဖြစ်သော 91N6E Big Bird တာဝေးရှာရေဒါနှင့် 92N6E ပစ်ခတ်မှုထိန်းချုပ်ရေးရေဒါတို့သည် ပစ်မှတ်များစွာကို တစ်ပြိုင်နက်တည်း ခြေရာခံနိုင်ပြီး တိကျစွာချိန်ရွယ် ချေမှုန်းနိုင်သည်။ အိန္ဒိယနိုင်ငံသည် အဆိုပါစနစ်ကို မိမိတို့၏ ပေါင်းစပ်လေကြောင်းကွပ်ကဲမှုနှင့် ထိန်းချုပ်ရေးစနစ်(IACCS)အတွင်း ထည့်သွင်း အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**India to Receive Fourth S-400 Air Defense Missile System from Russia Boosting Regional Defense Power** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်စစ်ဘက်ကုမ္ပဏီက လက်ပစ်စနစ်သုံး"Rift Alpha" ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်မည်

အမေရိကန်စစ်ဘက်Askari Defense ကုမ္ပဏီသည် လက်ပစ်စနစ်သုံး "Rift Alpha" ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ အမျိုးသားလေ့ကျင့်ရေးစခန်း၌ စစ်သည်များနှင့်အတူ လက်တွေ့ကွင်းဆင်းစမ်းသပ်မည်ဖြစ်ကြောင်း Defence Blog သတင်းဌာနက မေ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Rift Alpha ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို အဓိကအားဖြင့် ရှေ့တန်းခြေလျင်စစ်သည်များအတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ခေတ်သစ်စစ်မြေပြင်များတွင် စောင့်ကြည့်ထောက်လှမ်းရေးနှင့် ဗုံးကြဲတိုက်ခိုက်ရေးအတွက် အသုံးပြုနေသည့် အလေးချိန် ၅၅ ပေါင်အောက်ရှိ Group 1 နှင့် Group 2 အမျိုးအစားဒရုန်းအသေးစားများကို ပစ်မှတ်ထားချေမှုန်းရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းကြားဖြတ်တိုက်ခိုက်ရေးဒရုန်း၏ အဓိက ထူးခြားချက်မှာ လည်ပတ်ဆောင်ရွက်မှုတွင် အလွန်တရာ ရိုးရှင်းလွယ်ကူခြင်းပင်ဖြစ်သည်။ ပစ်ခတ်မှုစနစ်တွင်လည်း စစ်သည်များအနေဖြင့် လက်ဖြင့်လွှတ်တင်နိုင်ရုံသာမက မြေပြင်မှသော်လည်းကောင်း၊ သီးသန့်ထုတ်လုပ်ထားသော ပစ်လွှတ်သေတ္တာမှသော်လည်းကောင်း အခြေအနေပေါ်မူတည်၍ နည်းမျိုးစုံဖြင့် ပစ်ခတ်နိုင်သည့်ပြောင်းလွယ်ပြင်လွယ်ရှိသော စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားသည်။ အကွာအဝေးအားဖြင့် နှစ်ကီလိုမီတာအတွင်းရှိရန် သူ့ဒရုန်းများကို ထိရောက်စွာ ကြားဖြတ်ဟန့်တားနိုင်ပြီး အဆင့်မြင့်ဉာဏ်ရည်တု(AI)စနစ်ကို အခြေခံထားသောကြောင့် ပစ်ခတ်ပြီးသည်နှင့် လူသားထိန်းချုပ်သူ မလိုဘဲ ပစ်မှတ်နောက်သို့ အလိုအလျောက်လိုက်ပါချေမှုန်းသည့် "Fire-and-forget" နည်းပညာဖြင့် ရန်သူကို တိကျစွာချေမှုန်းနိုင်သောစနစ်ဖြစ်သည်။

ယူကရိန်းနှင့် အရှေ့အလယ်ပိုင်း ပဋိပက္ခများတွင် တွေ့ရှိရသည့်အတိုင်း ဈေးနှုန်း သက်သာသော ဒရုန်းအသေးစားများ၏ ခြိမ်းခြောက်မှုမှာ ကြီးမားလာနေသည်။ ၎င်းဒရုန်းများကို ဈေးကြီးပေးရသည့်လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များဖြင့် ပစ်ချခြင်းမှာ စီးပွားရေးအရ တွက်ခြေမကိုက်သကဲ့သို့ အီလက်ထရွန်နစ်စစ်ဆင်ရေး စနစ်များမှာလည်း အခြေအနေတိုင်း၌ အလုပ်မဖြစ်နိုင်ပေ။ ထို့ကြောင့် ရှေ့တန်းစစ်သည် တစ်ဦးချင်းစီ အလွယ်တကူ သယ်ဆောင်သွားနိုင်ပြီး သင်တန်းအထူးတလည် ပေးရန်မလိုဘဲ အလိုအလျောက် ပစ်မှတ်ကိုရှာဖွေနိုင်သည့်Rift Alpha ကဲ့သို့သောစနစ်မျိုးသည် အမေရိကန်စစ်တပ်အတွက် အလွန်အရေးပါသော လက်နက်တစ်ခုဖြစ်လာမည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။



ယခုပြုလုပ်မည့် စမ်းသပ်မှုသည် ထိန်းချုပ်ထားသော စမ်းသပ်ကွင်းအတွင်း၌သာမကဘဲ စစ်သည်များနှင့်အတူ တကယ့်စစ်ပွဲကဲ့သို့ ဖန်တီးထားသော ပတ်ဝန်းကျင်တွင် စမ်းသပ်မည်ဖြစ်ရာ Rift Alpha ၏ တကယ့်စွမ်းဆောင်ရည်ကို အကဲဖြတ်နိုင်မည်ဖြစ်သည်။ အကယ်၍အောင်မြင်ခဲ့ပါက ၎င်းစနစ်ကို စစ်တပ်၏ အခြေခံတပ်စု၊ တပ်ခွဲအဆင့်များထိ ဖြန့်ကြက်ချထားပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရှိရသည်။

မျက်မှောက်ခေတ် ပဋိပက္ခများတွင် ဈေးနှုန်းသက်သာပြီး ထိရောက်မှုရှိသော FPV (First-Person View) ဒရုန်းများနှင့် အသေခံဒရုန်းများ၏ ခြိမ်းခြောက်မှုသည် ရှေ့တန်းစစ်သည်များအတွက် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်လာသည်။ Rift Alpha ကဲ့သို့သော "Fire-and-forget" စနစ်သုံး ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းလက်နက်များသည် ဈေးကြီးသောလေကြောင်းရန် ကာကွယ်ရေးစနစ်များနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကြားရှိ ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

**U.S. Army tests Askari's hand-launched drone interceptor** ကို ဘာသာ ပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အမှောင်ကိုကျော်ဖြတ်၍ လမင်းကြီး၏အလင်းအောက်သို့

**အာကာမောင်မောင်**

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် နိုင်ငံရေး အပြောင်းအလဲများရှိခဲ့သည်။ အချို့သည် ညင်သာစွာ၊ အချို့သည်ကြမ်းတမ်းစွာ ပြောင်းလဲသည်။ ၂၀၂၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးပြောင်းလဲမှု ကြမ်းတမ်းစွာပြောင်းလဲခဲ့သည်ဟုဆိုရမည်။ သမိုင်းတွင် အမည်းစက်အဖြစ် ထင်ကျန်ရစ်စေမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများ များစွာ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါကိစ္စရပ်များကို ထိုစဉ်က အာဏာရှိသူများအနေဖြင့် ပြေလည်အောင် ဖြေရှင်းပေးနိုင်သည့်အခွင့်အာဏာ၊ အချိန်အခါတို့ များစွာရှိပါလျက်မဖြေရှင်းဘဲ လွှတ်တော်အစည်းအဝေးများ ခေါ်ယူကာ အစိုးရဖွဲ့စည်းရန်ပြင်ဆင်ခဲ့၍ နိုင်ငံရေး အပြောင်းအလဲ ဖြစ်ပေါ်ရခြင်းဖြစ်သည်။

ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုရလဒ်များအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းကို ရွေးချယ်ခဲ့သည့်အတွက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ပေါ်ပေါက်လာရသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ပြီး မတည်မငြိမ်ဖြစ်စေရန် CRPH နှင့် NUG အမည်ခံအဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုဖြင့် PDF အဖွဲ့များ ပေါ်ပေါက်လာခြင်းလည်းဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် သက်ဆိုင်သူများ ညှိနှိုင်းဖြေရှင်းကြရမည့်အစား လူငယ်၊ လူရွယ်များကို လူဆိုး၊ လူမိုက်အကြမ်းဖက်သမားများအဖြစ်သို့ တွန်းပို့လိုက်ခြင်းဖြစ်သည်။

အမှန်တော့ လူငယ်များသည် အသုံးချခံ၊ အခိုင်းခံ၊ ထိုးကျွေးခံများအဖြစ်သာ။ မှန်မှန်ကန်ကန် သုံးသပ်ကြည့်မည်ဆိုပါက ကျောင်းပညာတစ်ပိုင်းတစ်စနှင့် ပညာရေးမပြည့်စုံသူတို့ကို မည်သူက အလေးထားမည်နည်း။ နိုင်ငံတော်အတွက် အနုတ်လက္ခဏာများသာဖြစ်သည်။

ဖြစ်သင့်သည်မှာ မည်သည့်အစိုးရတာဝန်ယူယူ၊ ကျောင်းသား၊ ကျောင်းသူများမှာပညာရေးကို ဆုံးခန်းတိုင်သင်ယူကြရမည်ဖြစ်သည်။ ပညာမတတ်ဘဲနှင့် မိမိဘဝကို မထိန်းကျောင်းနိုင်သလို ပညာမတတ်ဘဲနှင့် နိုင်ငံတော်ကို ဦးဆောင်မှုပြုနိုင်မည်မဟုတ်သည်မှာ အမှန်တရားဖြစ်သည်။ မြန်မာနိုင်ငံတွင်ဖြစ်ပျက်ခဲ့သောသမိုင်းစဉ်ကို လေ့လာကြည့်ပါက ၁၉၈၈ ခုနှစ် အရေးအခင်းနောက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူအချို့ ဝါဒမှိုင်းမိကာ တောခိုသွားကြသည်။ ၂၀၂၁ ခုနှစ်ဖြစ်စဉ်ကဲ့သို့ တိုင်းရင်းသားအမည်ခံ အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များထံ ရောက်သွားသည်။ ထိုစဉ်က ဖြစ်ရပ်မှန်များကို ရုပ်ရှင်ရိုက်ကူးခဲ့သော ပါပီမဇာတ်လမ်းရှိခဲ့သည်။

ဖြစ်ရပ်မှန်များကိုကြည့်၍ ပြည်သူတို့ မျက်ရည်ကျခဲ့ကြရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များကို ပြန်လည်လက်ခံရေးစခန်းများဖွင့်ကာ ပြန်လည်လက်ခံပေးခဲ့၍ လူငယ်၊ လူရွယ်တို့၏ အသက်ပေါင်း မြောက်မြားစွာ ရှင်သန်ခွင့်ရရှိခဲ့သည်။

တော်လှန်ရေးဟူသော ခေါင်းစဉ်ကိုတပ်၍ ဘုန်းတော်ကြီးများ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်းတို့က ဆိုးရွားသော လုပ်ရပ်များဖြစ်ခဲ့သည်။ ဒလန်ဟူသော ခေါင်းစဉ်အောက်တွင် လူသားတို့အသက်ပေါင်းများစွာအသတ်ခံရသည်။ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ တာဝါတိုင်၊ လမ်းတံတား မြောက်မြားစွာ ဖျက်ဆီးခံခဲ့ရသည်။

ထောက်ပို့ဟူသော အမည်ခံထားကြသူများက အလှူခံငွေရှာကြသည်။ PDF ကို ပြစားစရာသတ္တဝါများအဖြစ် အသုံးချခံခဲ့ကြရသည်။ စာရင်းအင်းမရှင်းနိုင်သည့် သန်းနှင့်ချီသော အလှူခံရရှိငွေများမှာ PDF တို့ထံ မည်မျှရောက်ရှိသွားသည်ကို မည်သူမျှ မသိနိုင်သော်လည်း ပြည်ပနေထောက်ပို့ဆိုသူများမှာမူ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ်

**❖ လူငယ်များအနေဖြင့် မိမိတို့၏ အဖိုးတန်သောလူငယ်ဘဝကို နိုင်ငံရေးလုပ်စားသူများ၏ အသုံးချခံအဖြစ်မှ ရုန်းထွက်နိုင်ခြင်းမှာ ကောင်းကျိုးရှိသောလုပ်ဆောင်ချက်ဖြစ်သည်။ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံ၏ ပကတိအခြေအနေများအရ လူငယ်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်နိုင်ကြရေးအတွက် အကြမ်းဖက်အဖျက်လမ်းစဉ်ကို စွန့်လွှတ်ကာ ဥပဒေဘောင်အတွင်းဝင်ရောက်လာခြင်းကို ကြိုဆိုပါသည်။ ❖**

ပိုမိုစိုပြည်ကြွယ်ဝလာကြပြီး ကားပိုင်၊ အိမ်ပိုင်၊ တိုက်ခန်းပိုင်၊ လုပ်ငန်းပိုင်များနှင့် ကြီးပွားချမ်းသာလာကြသည်။ ကျောင်းမတက်နဲ့ ကျောင်းထွက်ဟု ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်ခဲ့သော်လည်း ၎င်းတို့၏သားသမီးများကို အကောင်းဆုံးသော ကျောင်းများတွင် အများဆုံးသော ငွေကြေးများဖြင့် ကျောင်းထားပေးကြသည်။

၁၉၈၈ ခုနှစ်က လမ်းမှားသို့ရောက်သွားသူများသည် နောက်ဆုံးတွင် နောင်တကြီးစွာရသွားကြသည်။ အမှားကိုအမှားမှန်းသိကာ မိဘရင်ခွင်ထံသို့ ပြန်လည်ခိုလှုံရောက်ရှိကြသည်။ နိုင်ငံတော်အစိုးရက မိမိတို့၏သွေးသားရင်းချာများပမာ လက်ကမ်းကြိုဆိုခဲ့သည်။ ယခုအခါမှာလည်း လမ်းမှားရောက်ကာ နောင်တကြီးစွာရရှိသော PDF လူငယ်များမှာ အမှားကို အမှားမှန်းသိလာကြ၍ အလင်းသို့ ဝင်ရောက်လာကြသည်။ တရားဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ရခြင်းမှာ ကောင်းမွန်သော လူနေမှုဘဝဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် သဘောထားကြီးမားစွာ ပြန်လည်ဖိတ်ခေါ်ခဲ့ကြိုဆိုလက်ခံခဲ့သည့်အပြင် ဆုကြေးငွေများပါ ထပ်ဆောင်းပေးအပ်သည်။ မိဘများအဖို့ သားရွှေအိုးထမ်းလာသည်ကို မြင်တွေ့သည့်ပမာ ဝမ်းသာကြည်နူးဖြစ်ကြရသည်။

အလင်းသို့ ဝင်ရောက်လာသူများ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်များကို ကြားသိရသည်။ PDF အချင်းချင်းကြားတွင်လည်း အထက်လူနှင့် အောက်လူများကြား အာဏာပြုမှုများ၊ အနိုင်ကျင့်မှုများ၊ မတော်မတရားပြုမှုများရှိနေကြောင်း မကြာခဏပေါ်ထွက်လာနေပြီး ခေါင်းဆောင်ပိုင်းများ ဥပဒေမဲ့နည်းလမ်းအမျိုးမျိုးဖြင့် ကြွယ်ဝချမ်းသာလာနေကြသည်။ အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ PDF များမှာ ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်လာရာ ဒေသခံပြည်သူ၏ ထောက်ခံမှုနှင့် ထောက်ပံ့မှုတို့ ကျဆင်းလာသလို ဒေသအချို့တွင် ပဋိပက္ခများပင် ဖြစ်ပေါ်လာသည်ကိုလည်းတွေ့ရသည်။ ၎င်းအခြေအနေများအပေါ် သိနားလည်လာကြသည့် PDF အဖွဲ့ဝင်များမှာ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်လာကြရာ ၂၀၂၄ ခုနှစ်အတွင်းမှစကာ ဥပဒေဘောင်အတွင်းဝင်ရောက်မှုများ တစ်စတစ်စ ပိုမိုများပြားလာသည်။ နောက်ဆုံးတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော စေတနာနှင့် ဆောင်ရွက်ချက်များကြောင့် အစမ္ပဝါဒီများ ကျဆုံးလာနေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ဧပြီ ၂၀ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး နေပြည်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တက်ရောက်အမှာစကားပြောကြားရာတွင် **"ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီးတော့ ရက် ၁၀၀ နဲ့ပတ်သက်ပြီး ကျွန်တော် နည်းနည်းပြောချင်ပါတယ်။ ခုနကပြောတဲ့ PDF နဲ့ပတ်သက်ပြီးတော့ PDF ကတော့ ကျွန်တော်တို့ ဒီ တွေ့ဆုံဆွေးနွေးခြင်းနဲ့ ငြိမ်းချမ်းရေးအတွက် အလင်းဝင်ဖို့လဲ ပြောထားတာရှိပါတယ်။ အခုလဲ အလင်းဝင်တာတွေ အများကြီးရှိပါတယ်။ လပခ နယ်မြေတို့၊ တပခ နယ်မြေတို့ဆိုရင် အလင်းဝင်ကြတာတွေ အများကြီးပဲရှိတယ်။ လပခကတော့ ပိုများတာပေါ့။ ရာနဲ့ချီပြီးတော့ ဝင်ကြတယ်။ ဒါထက်လဲ လာဖို့အတွက် သူတို့တောင်းဆိုနေတာတွေရှိပါတယ်။ ကျွန်တော်တို့က ကြိုဆိုပါတယ်။ PDF နဲ့ပတ်သက်ပြီးတော့။ ရက်ပေါင်း ၁၀၀ အတွင်းမှာ လာပြီးတော့ ငြိမ်းချမ်းရေးအတွက်လာကြပါ"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ဖိတ်ခေါ်မှုနှင့် PDF အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုမှု အခြေအနေများက နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မလိုလားသူတို့အဖို့ သတင်းဆိုးဖြစ်သည်။ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းစေလိုသူ၊ ဖွံ့ဖြိုးတိုးတက်စေလိုသူ ပြည်သူလူထုများအဖို့ သတင်းကောင်းဖြစ်သည်။ အဖျက်သမားများအနေဖြင့် PDF များ အလင်းဝင်မှုသတင်းနှင့် ပတ်သက်၍ သတင်းအမှားဖြစ်သည်ဟုမည်သို့ပင်လိမ်လည်ပြောဆိုနေစေကာမူ လက်တွေ့မြေပြင်တွင် ဖြစ်ရပ်မှန်သတင်းမှန်ဖြစ်သည်။ မိဘများ၊ သားသမီးများ၏ ရင်တွင်းခံစားချက်များကိုလည်း ပြည်သူတို့ကြားသိတွေ့မြင်ကြပြီးဖြစ်သည်။

လူငယ်များအနေဖြင့် မိမိတို့၏အဖိုးတန်သော လူငယ်ဘဝကို နိုင်ငံရေးလုပ်စားသူများ၏ အသုံးချခံအဖြစ်မှ ရုန်းထွက်နိုင်ခြင်းမှာ ကောင်းကျိုးရှိသောလုပ်ဆောင်ချက်ဖြစ်သည်။ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် နိုင်ငံ၏ ပကတိအခြေအနေများအရ လူငယ်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်နိုင်ကြရေးအတွက် အကြမ်းဖက်အဖျက်လမ်းစဉ်ကို စွန့်လွှတ်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခြင်းကို ကြိုဆိုပါသည်။

လူသားတိုင်းသည် ဘဝတွင် အရွယ်သုံးပါး၌ ကျင်လည်ကြပြီးမှသာ လောကကြီးမှထွက်ခွာသွားကြရသည်။ အရွယ်သုံးပါးတွင် လူငယ်ဘဝသည် အကောင်းမွန်ဆုံးအရွယ်ဖြစ်သည်။ အဆိုပါ လူငယ်ဘဝ ပထမအရွယ်တွင် လူငယ်တိုင်းလုပ်ဆောင်သင့်သည်မှာ ပညာရေးခရီးလမ်းကို ဆုံးခန်းတိုင်လျှောက်လှမ်းခြင်းဖြစ်သည်။ ပညာရေးသည်အဓိက၊ ပညာရေးသည်မူလ၊ ပညာရေးသည် ပထမဟူသော အသိစိတ်ဖြင့် ဘဝကို တိုးတက်အောင်ကြိုးစားကြရမည်ဖြစ်သည်။ ပညာရှာရမည့်အရွယ်တွင် နိုင်ငံရေးခံစားချက်ထားရှိခြင်းမှာ မိမိကိုယ်မိမိ သေတွင်းသို့ပို့လိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏သောင်းကျန်းသူသမိုင်းကို လူငယ်တို့အဓိကလေ့လာဖတ်ရှုသင့်သည်။ လွတ်လပ်ရေးရပြီးကာလ ဗကပသောင်းကျန်းသူတို့စတင်ပေါ်လာသည်။ အဆိုပါ ဗကပတို့သည် ကျောင်းသားလူငယ်များကို စည်းရုံးသိမ်းသွင်းသည်။ အချို့တောတွင်းရောက်သွားသည်။ နောက်ဆုံးတွင် အချင်းချင်း သတ်ဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲကြုံတိုင်း နိုင်ငံကိုဖျက်ဆီးမည်သူများက လူငယ်များကိုရွေးချယ်အသုံးပြုကြသည်။ အမှန်တကယ် စေ့စေ့တွေးကြည့်လျှင် ၂၀၂၁ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးပြဿနာမှာ နိုင်ငံရေးလုပ်ကိုင်သူများ ဖြေရှင်းရမည့်ပြဿနာဖြစ်သည်။ လူငယ်တို့ပါဝင်လိုက်ခြင်းဖြင့် နောက်ဆုံးတွင် အသက်ဆုံးရှုံးခြင်း၊ လူစဉ်မမီခြင်း၊ အဓမ္မပြုကျင့်ခံရခြင်း၊ လူအချင်းချင်း နှိပ်ထက်စီးနင်းလုပ်ခြင်းကိုခံရခြင်းဖြင့် နိဂုံးချုပ်ခဲ့ပြီဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် အမှောင်တွင်းမှာ မိုက်တွင်းနက်နေမည့်အစား အလင်းရောင်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတို့ဖြင့် နေထိုင်ခြင်းသာ အကောင်းဆုံးဖြစ်၍ မိမိတို့၏ အနာဂတ်ကို အချိန်ရှိခိုက် အကောင်းဆုံးဖန်တီးကြရန်ဖြစ်ပါကြောင်း လူငယ်အပေါင်းသို့ အသိပေးတိုက်တွန်းနှိုးဆော်လိုက်ရပေသည်။



## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ပြောသံရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် မေလတတိယပတ်တွင် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်




ရန်ကုန် မေ ၆

ပြောသံရုပ်ရှင် ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ မေလ တတိယပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဩရသထံမှ သိရသည်။

အဆိုပါ ပြောသံရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သုထက်ဇော်၊ နေစိုးသော်တို့က ရေးဖွဲ့ထားပြီး လွင်မင်းအုံ့က ဇာတ်ညွှန်း ရေးသားထားကာ ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဩရသက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ပြောသံဆိုတာ မြန်မာ့အလှူမင်္ဂလာတွေရဲ့ အထိမ်းအမှတ်ပါပဲ။ ဒီဇာတ်ကားမှာတော့ မြန်မာ့ရိုးရာရှင်ပြုအလှူ မင်္ဂလာပွဲတစ်ပွဲကို အခြေပြုပြီးတော့ ရိုက်ကူးထားတဲ့ မြန်မာ့ဓလေ့၊ မြန်မာ့အလှူပွဲကို ဖော်ညွှန်းမဲ့ဘဝသရုပ်ဖော် ဒရာမာကားတစ်ကားပါ။ ၂၀၂၅ ခုနှစ် မေလတုန်းက ရုံတင်ပြသခဲ့ပြီး ပရိသတ်အားပေးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားလဲဖြစ်ပါတယ်။ ဒီဇာတ်ကားကို CANAL+ ZAT LENN Channel ကနေ တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပေးသွားမှာပါ"ဟု ဒါရိုက်တာဩရသက ပြောပြသည်။

အဆိုပါ ပြောသံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ထွန်းထွန်း၊ ဖြိုးငွေစိုး၊ သုရိယ၊ ဇော်ဝင်းနိုင် (မန်း)၊ ဆင်မခင်ဝင့်ဝါ၊ မျိုးသန္တာထွန်း၊ အေးဝတ်ရည်သောင်း၊ မျိုးမျိုးခိုင်၊ သူဇာပွင့်နှင့် အနုပညာရှင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# The Bookie &The Bruiser ၌ မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာ ပါဝင်မည်ဖြစ်

နယူးယောက် မေ ၆

The Bookie & The Bruiser အမည်ရှိ ဇာတ်ကား၌ မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂျာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် ပက်ထရစ်ရှဝါ ဇင်နက်ဂျာသည် မင်းသား ဗင့်ဗော့၊ သီအိုဂျိမ်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Bookie & The Bruiser ဇာတ်ကားသည် ၁၉၅၉ ခုနှစ် နယူးယောက်မြို့တော် လောင်းကစားလောကကို နောက်ခံထား ရိုက်ကူးမည့် လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အက်စ်ခရိုက်ဇာလာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

The Bookie & The Bruiser ဇာတ်ကားသည် မင်းသား ပက်ထရစ်ရှဝါ ဇင်နက်ဂျာသည် အမြွှာညီနောင်အဖြစ် နှစ်ကိုယ်ခွဲ သရုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိတွင် The Bookie & The Bruiser ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Gasoline ဂီတလောကနောက်ခံဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းမီရန်ဒီနို ရိုက်ကူးမည်

နယူးယောက် မေ ၆

Gasoline အမည်ရှိ ဂီတလောကနောက်ခံရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျိမ်းမီရန်ဒီနိုက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း မေ ၅ ရက် သတင်းများအရ သိရသည်။

Gasoline ဇာတ်ကားသည် ၁၉၉၀ ပြည့်နှစ် အမေရိကန် ပန့်ရော့ခ်ဂီတလောကကို နောက်ခံထားရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Gasoline ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဂျိမ်းမီရန်ဒီနိုက ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ငွေကြေးအင်အားမရှိသည့် ပန့်ရော့ခ်ဂီတသမားလူငယ်တစ်ဦး ဂီတဖျော်ဖြေရေးခရီး လှည့်လည်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Gasoline ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Gasoline ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဩဂုတ်လတွင် စတင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် ချမ်းမြေ့မောင်ချို၏ Live Music Show တေးဂီတဖျော်ဖြေပွဲကို မူဆယ်မြို့နယ်ရှိ Tipsy Night Grill & Restaurant တွင် ပြုလုပ်သွားမည်

ရန်ကုန် မေ ၆

တေးသံရှင် ချမ်းမြေ့မောင်ချို၏ Live Music Show တေးဂီတဖျော်ဖြေပွဲကို ရှမ်းပြည်နယ် မူဆယ်မြို့နယ်ရှိ Tipsy Night Grill & Restaurant ၌ မေ ၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ချမ်းမြေ့မောင်ချိုထံမှ သိရသည်။

တေးသံရှင် ချမ်းမြေ့မောင်ချို၏ Live Music Show တေးဂီတဖျော်ဖြေပွဲတွင် Tipsy Night Grill & Restaurant ၏ ပင်တိုင်တေးဂီတအဖွဲ့နှင့်အတူ ရှမ်းတိုင်းရင်းသား တေးသံရှင်များဖြစ်သည့် စိုင်းပီး၊ စိုင်းပြည့်ဖြိုးဟန်၊ ဂျွန်ဆေးတို့ကလည်း အားဖြည့်ဝိုင်းရံကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးကြမည် ဖြစ်ကြောင်း သိရသည်။




"မေ ၉ ရက်မှာ မူဆယ်က Tipsy Night မှာ မောင်ချို့ရဲ့ Live Music Show လေးရှိပါတယ်။ မူဆယ်က တေးသံရှင်တွေကလဲ မောင်ချို့နဲ့အတူ သီဆိုဖျော်ဖြေကြမှာဖြစ်ပါတယ်။ မူဆယ်က မောင်ချို့ရဲ့ဘော်ဒါတွေကို လာခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်" ဟု တေးသံရှင် ချမ်းမြေ့မောင်ချိုက ပြောပြသည်။

Tipsy Night Grill & Restaurant တွင် ပြုလုပ်မည့် တေးသံရှင် ချမ်းမြေ့မောင်ချို၏ Live Music Show တေးဂီတဖျော်ဖြေပွဲကို မေ ၉ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဂီတအခမ်းအနားမှူးအဖြစ် နန်းမေရှင်သန့်က ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Lavender ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ကံဆက်သူ ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်

ရန်ကုန် မေ ၆

Lavender ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ကံဆက်သူ ရုပ်ရှင်ဇာတ်ကားကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် မေ ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကံဆက်သူ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ခက်ဇော်က ရေးသားထားပြီး ရာဇဝင်ကိုက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က Lavender ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကံဆက်သူ ရုပ်ရှင်ဇာတ်ကားမှာ ဆောင်းက အနဲတီမျိုးသန္တာထွန်းရဲ့ သမီးနေရာက ပါဝင်ရမှာပါ။ ထူးထူးခြားခြား ဇာတ်လေးလို့လဲ ပြောလို့ရပါတယ်။ ကံဆက်သူဆိုတော့ ကံတွေနဲ့ဆက်စပ်နေတာပေါ့။ ဆောင်းကို ထုတ်လုပ်ရေးဘက်က ကိုဇော်ရဲ့ အမျိုးသမီးက ကမ်းလှမ်းလို့ပါဝင်ဖြစ်တာပါ။ ချစ်စရာကောင်းတဲ့ မြန်မာဆန်ဆန်ပုံစံလေးနဲ့ မြင်ရမှာပါ"ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်မည့် သရုပ်ဆောင် ဆောင်းသီရိစံက ပြောပြသည်။

ကံဆက်သူ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အောင်ဇေမျှ၊ ရဲလွင်ဦး၊ ဖြိုးဖြိုးကွမ်းသီး၊ ရွှေမိုး၊ ဇောက်ထိုး၊ ရန်ပြေ၊ မင်းလူနတ်၊ ရတနာဗို၊ မျိုးသန္တာထွန်း၊ ဆောင်းသီရိစံ၊ စန်းရွှေစင်၊ ဇာခြည်လွင်၊ သင်ဖြိုးဝေနှင့် အခြားအနုပညာရှင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သရုပ်ဆောင် ဆောင်းသီရိစံက ဆက်လက်ပြောပြ၍ သိရသည်။ ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing delivers speech at the Union Government meeting



President U Min Aung Hlaing addresses the Union Government meeting.

**Nay Pyi Taw May 6**

The Union government of the Republic of the Union of Myanmar held a meeting at the meeting hall of the Union government of the President's Office in Nay Pyi Taw this morning, with an address by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Union ministers, and the Nay Pyi Taw Council Chairman together with chief ministers of regions and states through the video conferencing.

**Efforts must be expedited for the State economy**

First, in his address, the President stated that with regard to the country's economic sector, the motto "Let us encourage production for the prosperity of the Nation" has been adopted. In line with this, it is necessary to promote domestic production and work towards economic development. Production is an essential activity for national economic growth. Regarding trade, based on analyses of key exports and imports, Myanmar is exporting garment products as well as agricultural and livestock products, while importing fuel, edible oil, construction materials, and other goods. As a result, a trade deficit still persists. Therefore, it can be concluded that greater efforts must be made to further strengthen the country's economy.

**Taking lessons from the experiences in successive eras to strive for development of the nation under the proper leadership**

The government is an elected administration, formed by representatives chosen by the people in a free and fair multiparty democratic general election, in accordance with the will of the people. Voters actively and orderly came to polling stations to cast their ballots. The majority of voters were between the ages of 18 and 50, and they voted in line with their own wishes. The fact that people queued systematically to vote demonstrates public support for the election as well as endorsement of the political initiatives undertaken by the State government.

The election that was held was free and fair, without voter fraud or errors in voter lists, and was conducted with dignity, making it a successful election. Out of a total of 24.23 million eligible voters nationwide, more than 13.13 million cast their votes, resulting in a voter turnout of 54.22 per cent. The majority of voters were from the youth and middle-aged groups. A total of 57 political parties contested in the election, of which six parties competed across all regions and states. Representatives from 31 parties, along with one independent candidate, were elected to parliament. Such achievements demonstrate that an inclusive election, in line with democratic principles, was successfully held.

Drawing lessons from the country's historical experiences and past systems, the government must move forward with strong leadership to ensure national development. As a government elected by the people, it has the responsibility to work for the growth of the national economy. Some countries continue to impose restrictions and economic sanctions on the government, which is carrying out its duties in accordance with democratic principles and has been chosen by the people. Democratic nations are urged to value those who have exercised their right to vote of their own free will in line with democratic practices. Regardless of the circumstances, efforts will continue to be made to firmly strengthen the multiparty democratic system, and to build a Union based on democracy and a federal system. Reforms consistent with democratic principles will also be implemented.

In advancing along the path of democracy, it is necessary to achieve development that is in line with the times, while also preserving national characteristics without losing them. There is a responsibility to continuously safeguard matters relating to race, religion, traditions, and cultural heritage. Relevant ministries are also required to address existing weaknesses and take the necessary measures to ensure effective preservation and protection.

**Production of import-substitute goods and raising export sector**

In the import sector, the country still has to import large quantities of edible oil. As Myanmar is an agricultural country that grows oilseed crops, it is not appropriate to rely on imports for edible oil. Therefore, all regions and states cultivating oilseed crops such as sesame, sunflower, and soybean are urged to carry out systematic production. In the export sector, regarding rice exports, it is possible to calculate exportable surplus by taking into account the country's population, domestic consumption, and total rice production. Based on the availability of surplus rice and market access, export volumes can be further increased. It was emphasized that **"if prices are the same, quality must be better; if quality is the same, prices must be lower,"** and by adhering to this principle, greater market opportunities can be achieved. Myanmar's Pawsan rice is already well known in international markets and has strong demand, making it a key export commodity that should be further promoted. Similarly, coffee produced in Myanmar also has established demand. Therefore, efforts must be made to improve the quality of Myanmar Pawsan rice and Myanmar coffee and to meet market requirements in order to expand exports. In addition, kitchen crops such as garlic, onions, and potatoes, which are essential for daily consumption, should be continuously researched and developed to increase production. To boost exports overall, ongoing research and efforts are required to enhance production volume, improve quality, and secure market access.

Regarding the high prices of meat and fish, the President noted that if regional self-sufficiency in consumption can be achieved and expanded to nationwide sufficiency, prices of meat and fish are likely to decline. By increasing the production of animal feed based on locally produced agricultural outputs such as maize, broken rice, and rice bran, and by systematically developing the livestock sector, regional consumption needs can be met, which in turn would help reduce rising prices.

**Promoting economic growth by prioritizing and encouraging domestic and international tourism and MSME businesses**

Regarding the economy, he stated that relevant ministries must coordinate to improve domestic and international tourism, while local officials and residents must also cooperate. He noted that if regional beauty and pleasant services can be developed, tourist arrivals will increase, leading to the improvement of local socio-economic lives. He emphasized that tourism services, including travel, accommodation, and dining, should emulate other developed regions and countries to make destinations attractive, inviting, and comfortable, striving for greater progress than at present. He stressed that every citizen and local resident needs to act with individual responsibility to ensure positive feedback from all visitors to the country and its regions. In accordance with the saying, **"If the house is pleasant, guests will visit,"** he urged all officials to supervise the creation of a beautiful and disciplined environment, while calling on staff to follow regulations and the public to maintain these standards with a sense of personal duty.

He stated that in order to strengthen the national economy, it is essential to encourage and promote MSME businesses, noting that even some developed countries still rely on SME sectors. He emphasized that regions and states must prioritize MSMEs, focusing particularly on manufacturing based on locally produced raw materials. He noted that MSME operations require raw materials, capital, inputs,

***See Page 14***

# Military columns recapture areas temporarily controlled by terrorist insurgents, successfully reopen Mandalay-Madaya-Thabaeikgyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina communication route



The map shows the Mandalay-Madaya-Thabaeikgyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina communication route the military columns have reopened.

**Nay Pyi Taw May 6**

The military is carrying out its national defense and security duties to ensure national stability and peace, which is the fundamental foundation for the country's development. In regions where terrorist insurgents have temporarily seized control and are committing violent acts, the military is conducting ounter-terrorism operations to systematically recapture towns and villages, and reopening important communication routes for the public segment by segment. Today, it has been able to fully secure and reopen the entire Mandalay-Madaya-Thabaeikgyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina communication route, which is expected to lead to the socio-economic recovery and development of local ethnic people.

This communication route connecting Mandalay to Myitkyina is a fundamental piece of infrastructure for the development of Myanmar's northern region. Using this route facilitates easier and faster travel and living for commuters and locals, as well as the flow of goods, leading to increased economic opportunities. It also speeds up cargo transport, reducing shipping costs, allowing local residents to buy and consume goods at lower prices, and strengthening inter-regional connectivity. Furthermore, this route is important for transporting agricultural products from rural areas to urban markets and helps provide access to education, healthcare, and social services. Thus, it is a highly beneficial route for the socio-economic development of local ethnic people.

The terrorist insurgent groups, known as PDFs, temporarily seized control of certain towns, villages, and regions for their own benefit, committing violent acts and blocking this crucial communication route. This caused difficulties in cargo transport and the flow of goods, leading to shortages of food and daily necessities, the inability to deliver medicine and emergency supplies, and a shortage of raw materials for businesses, preventing finished goods from reaching markets. Consequently, the daily socio-economic lives of local ethnic people drastically declined, and they bitterly suffered oppression and extortion by the terrorists, forcing them to flee their hometowns.

To reopen this communication route, military columns systematically organized and prepared, carrying out necessary administrative support operations. With balanced military tactics and strategies, they progressively recaptured and took control of towns and villages temporarily held by terrorist insurgents. Specifically, Thabaeikgyin Town and its surrounding areas were recaptured on July 23, 2025; the Phayaungtaung mine area east of Madaya Town was recaptured on August 24 and the Alpha cement plant on August 28; the Sedawgyi area was recaptured on November 7; the Singu area was recaptured on December 19; and the Mandalay-Madaya-Singu-Thabaeikgyin route segment was reopened. Tagaung Town was recaptured on March 12, 2026, and the Mandalay-Madaya-Thabaeikgyin-Tagaung route segment was reopened. The Tagaung-Htigyaing route was reopened on March 25, the Htigyaing-Katha route on April 16, and Indaw Town was recaptured on April 30, thus securing the communication route from Mandalay city to Indaw town. After painstakingly and progressively recapturing and controlling these areas, Mawlu Town was recaptured and secured on May 5. Today, military columns conducting area security operations in Namsiaung Village, Mohnyin Township, Kachin State, were able to reconnect and coordinate with other military columns to carry out area security operations. As a result, the **Mandalay-Madaya-Thabaeikgyin-Tagaung-Htigyaing-Katha-Indaw-Mawlu-Namsiaung-Mohnyin-Mogaung-Myitkyina** communication route has been reopened, allowing passenger vehicles and cargo trucks to travel normally again.

For the successful reopening of this communication route, military columns, disregarding their own safety, endured significant hardship and fought tenaciously with unwavering perseverance, diligence, and energy, cooperating with the public. Through strategically phased fierce fighting, they recaptured and secured control. The operation took over one year and three months, during which a total of 322 major and minor engagements with terrorist insurgents occurred. From the enemy, 138 bodies were recovered, and 332 various weapons, along with ammunition and related equipment, were seized. Some military officers and soldiers made the supreme sacrifice for the nation and the military.

During their temporary control of these areas, insurgents constructed bunkers in religious buildings, schools, government offices, hospitals, clinics, and private homes for cover. They launched attacks on military columns, planted mines between residential areas and along public transportation routes, detonated explosives in state-owned factories and workshops, exploited factory resources for personal gain, and damaged roads and bridges on key transport routes. As a result, the flow of goods in the region was disrupted, and the socio-economic conditions of local communities—including the economy, public health, education, and social stability—deteriorated significantly, causing widespread losses and hardship for both the state and the population.

Civilians whose socio-economic lives had been severely affected by acts of violence, and who had experienced the hardships of conflict, increasingly rejected further unrest and sought a return to peace in their communities. As a result, some discreetly shared information about armed groups with the Tatmadaw. In addition, certain members of PDF and ethnic armed organizations who chose to re-enter the legal framework and engage with the state's peace process also provided information to authorities to assist in efforts to curb violent activities.

With the Tatmadaw regaining control of cities, towns, and key transport routes that had been temporarily held by insurgent groups, travel has resumed and regional trade is now moving more smoothly and efficiently. As stability returns, socio-economic activities and education are beginning to recover. In many areas, local residents from townships and villages along the routes have welcomed Tatmadaw personnel with eugenia and garlands, expressing relief and hope after a period of disruption and reflecting a renewed sense of normalcy in their communities.

The Tatmadaw is undertaking necessary area-control operations in these regions and is working in coordination with relevant authorities to restore government buildings, homes, schools, and roads and bridges damaged during the conflict.

The government has invited ethnic armed organizations to engage in peace talks without preconditions, aiming to end armed conflict and address political issues through dialogue. It also noted that violence linked to PDF groups, reportedly influenced by the NUG and CRPH, has caused significant harm to the socio-economic well-being of local communities. Those wishing to support peace and national development are encouraged to contact nearby security forces and camps and return to the legal framework. The Myawaddy team also announced that travel along the **Mandalay–Madaya–Thabeikkyin–Tagaung–Htigyaing–Katha–Indaw–Mawlu–Namsiaung–Mohnyin–Mogaung–Myitkyina** route can now proceed normally, with improved safety and accessibility.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

and human resources. He explained that rather than purchasing raw materials from abroad, it would be more beneficial to utilize local resources for production. He added that the state is providing necessary initial capital loans and implementing required relaxations to ensure the progress of MSMEs. He also stressed the need to strive for the availability of necessary human resources and noted that MSME businesses based on agriculture and livestock must be developed as part of economic promotion efforts.

He also stated that civil servants must perform the duties assigned by the State with integrity and free from corruption to serve the interests of the State and its people. He noted that during the previous second democratic government's term, reckless actions by state and union-level officials resulted in losses for the State amounting to 13.344 million US dollars and 226.107 billion kyats. He emphasized that to prevent such occurrences, all operations must be carried out thoughtfully and in accordance with established procedures. He added that since corruption can cause significant damage to the nation, it is necessary to avoid situations that require legal action regarding graft. He concluded by urging officials at the union, region, and state levels to strictly supervise and maintain integrity to ensure there is no corruption.

**Discussion and presentations by respective ministries**

Following this, the Union Ministers discussed and presented their respective sectors, including the timely delivery of necessary urea fertilizers and fuel to farmers for summer paddy and monsoon crops, the promotion of green manure and natural fertilizer usage, and the strict supervision to prevent substandard fertilizers from spreading in the market. They also reported on efforts to achieve target yields for oilseeds such as sunflower and sesame, the promotion of rice exports through Export Zones, soybean cultivation, freshwater prawn hatchery production, and the success of dairy cow breeding using domestic pedigrees. Furthermore, they discussed the effective prevention of unauthorized use of farmland for other purposes, the support provided by cooperative societies for systematic agriculture and livestock farming, and the fulfillment of requirements for small-scale industries. The presentations also covered the distribution of fertilizers to farmers, the benefits gained from the "pay-after-harvest" system, and the transformation of basic livestock farming into proper production systems.

Afterward, they discussed the ongoing oil and natural gas production activities, the necessity of preventing losses during natural gas distribution, and the continued implementation of offshore projects to increase production. They also reported on the reconstruction and upgrading of the Thanlyin Oil Refinery to ensure domestic fuel sufficiency and the ongoing efforts toward national fuel security. Regarding distribution, they highlighted the use of digital systems to ensure systematicacquisition and consumption of fuel. To meet electricity demands, they noted that production primarily focuses on natural gas and hydropower, while solar power projects are also being implemented. Furthermore, they covered plans to increase power generation for sufficient supply and measures taken to prevent transmission and distribution losses.

Responsible officials reported on measures taken to increase the development momentum of MSMEs, registration of MSMEs, plans to conduct production and capacity building training courses, granting capital loans for development of MSMEs, steps taken boost production of MSMEs, rapid development of MSMEs and organizing national-level expos thanks to supports of the Head of State, efforts made to increase domestic cotton production and development tasks for cotton-based industries, preparations made for manufacturing value-added bamboo products, development of industries and industrial zones, compilation of statistics and conducting placement tests to allow drop-outs to go to government schools again, the need for inspection of private schools for their compliance of disciplines, rules and regulations. Vice President U Nyo Saw made supplementary reports on expansion of union-level ministries and the need to complete remaining tasks for respective fiscal years.

**President make additional remarks on reports**

After hearing the reports, the President said agriculture is important for the economy of the country and major crops include sesame, sunflower, soy beans and potatoes. It is essential to boost per-acre yields and collect correct statistics. Measures must be taken to grow quality rice varieties to boost rice exports. Sunflower, soy beans and sesame are mainly grown in Magway, Sagaing, Ayeyarwady and Mandalay regions and Shan state and efforts must currently be made to meet the targeted yields for cultivation acreages. Other crops including paddy, pulses and beans, sesame and corn thrive in Sagaing, Magway, Mandalay, Yangon, Ayeyawady and Bago regions. Regions which mainly carry out agriculture businesses are required to expand cultivation to boost exports while states are required to place emphasis on self-sufficiency of food and basic needs in their areas.

Rural residents will be prosperous and rural development tasks can be carried out through the cooperative system. It aims at economic growth of individuals. It is necessary to improve the cooperative system based on five rural development principles such as education, health, economy, electricity and water supply. The cooperative system is being adopted even in developed and developing countries. Therefore, it is important to place emphasis on rural development through the cooperative system.

In connection with electricity, efforts must be made to generate electricity from solar energy for sufficient electricity supply in respective regions. Similarly, measures must be taken to generate electricity from thermal energy. Checks must be conducted to prevent wastage and losses of electricity. As for fuel, the situation can be placed under control as much as possible and measures must be taken for systematic storage and distribution of fuel.

**Emphasis must be placed on long-term benefits in implementing regional and national development**

Then, the President made concluding remarks, saying systematic supervisory measures must be taken for smooth and secure commodity flow in respective regions and states. Similarly, systematic inspection supervision must be carried out at all levels at inspection checkpoints to prevent illegal trade and drug trafficking.

In implementing projects in respective ministries, regions and states, measures must be taken for systematic success of them. Long-term perspective must be adopted to achieve success in union- and region- and state-level projects during the term of the government. In land utilization, systematic measures must be taken by drawing master plans for long-term perspectives. Region development tasks can be carried out at the union-level as well as at the regional-level but everyone is solemnly urged to take systematic measures for long-term benefits. After the concluding remarks, the meeting came to an end. 100

# Mingin Township sees completion of harvesting maize



**Mingin May 6**

According to Mingin Township Agriculture Department, local farmers have harvested all plantations of maize in Mingin Township of Sagaing Region.

Mingin Township planted 1,147 acres of maize and 6,263 acres of sweet corns in cold season, totalling 7,400 acres. So far, farmers harvested 1,147 acres of maize yielding 55.39 baskets per acre and 6,263 acres of sweet corns, producing more than 21,000 cobs per acre.

“During the winter cropping season in Mingin Township, maize and sweet corn were cultivated on a total of 7,410 acres. At present, all of these corn fields have been completely harvested. To ensure successful crop production, awareness activities and guidance were provided to prevent pest and disease infestations,” said Daw Hayman Kyaw Win, Head of the Department of Agriculture in Mingin Township.

In Mingin Township, the Township Department of Agriculture has been supporting farmers cultivating maize and sweet corn by providing training, conducting field demonstrations, promoting preventive measures against fall armyworm, and encouraging integrated crop protection practices, including the use of neem-based pesticides as well as ginger and chilli-based pest control methods.

Generally, local farmers produce 50 baskets per acre of maize by spending K500,000 per acre of agricultural cost while yielding 15,000 corbs of sweet corns, costing more than K500,000 per acre.

206

# Explainer: What to know about renewed U.S.-Iran standoff over Strait of Hormuz

**Cairo May 6**

Tensions between the United States and Iran have flared sharply in recent days over the Strait of Hormuz, with both countries claiming to have carried out military operations despite a ceasefire in place since early April.

By launching the "Project Freedom" operation, the United States said it would guide stranded commercial vessels through the vital waterway, which in turn provoked a strong military response from Iran.

Analysts say that the U.S. actions are unlikely to fully open the Strait of Hormuz, offer little relief to the global energy crisis, and risk further escalating tensions.

Since the United States and Iran agreed to a ceasefire on April 8, their negotiations have yielded no concrete results, and tensions have recently risen again, sparking fears of renewed conflict. Xinhua

# ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၄၆၇၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၄၆၇၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၉၄၇ ဧကနှင့်ဖူးစားပြောင်း ၁၇၂၅ ဧက စုစုပေါင်း ၄၆၇၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း သီးနှံ ၄၆၇၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် ကသာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း သီးနှံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး သုံးစွဲရေး၊ သဘာဝမြေဩဇာသုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)


# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ဧပြီလအတွင်း သီဟိုဠ်စေ့ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မြန်အောင် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း သီဟိုဠ်စေ့ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်မြို့သို့ လယ်ယာထွက်ကုန် ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်းက သီဟိုဠ်စေ့ ပိဿာချိန် ၃၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဧပြီလတစ်လအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ထဲကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအား တက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေ ကနွေကာလက လက်ကျန် သီဟိုဠ်စေ့တွေပါ။ ဒေသထွက် သီဟိုဠ်စေ့တွေကို မြန်အောင်မြို့ကနေတစ်ဆင့် ရန်ကုန်မြို့ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်'' ဟု မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြသည်။



မြန်အောင်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာသောကြောင့် ပိုမိုတင်ပို့ရောင်းချနေရကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဖြူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဖွင့်

**တန့်ယန်း မေ ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခိုယောင်းကျေးရွာအုပ်စု ခိုယောင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲကို မေ ၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပေးမည့် လက်သမားအတတ်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ကြားစေလိုကြောင်း ရှင်းလင်းဆွေးနွေး ပြောကြားပြီး သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ လက်သမားသင်တန်းကို တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် လက်သုံးကိရိယာများအသုံးပြုခြင်း၊ သစ်သားအမျိုးအစား၊ ဂုဏ်သတ္တိများ၊ အခြေခံပရိဘောဂနှင့် အဆောက်အအုံတည်ဆောက်ပုံ စသည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့နှစ်မျိုးစလုံးဖြင့် မေ ၄ ရက်မှ ဇွန် ၁၈ ရက်ထိ အခမဲ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း တန့်ယန်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**


ကမ္ဘာ့ကြက်ခြေနီနေ့

World Red Cross Day

ညီညွတ်မှုအားနဲ့တို့ကူညီ လူသားချင်းစာနာတဲ့ကြက်ခြေနီ

United in Humanity

၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်


# နတ်တလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး



**နတ်တလင်း မေ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ရန်ပုံငွေဖြင့် မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက ထန်းပင်ကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့သည်။

ထန်းပင်ကုန်း ကျေးရွာ၌လမ်းအရှည်ပေ ၁၅၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် ဧပြီလ တတိယပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည် ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လို၊ အမျိုး၊ ဘာသာသာသနာ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိ . . .**

ရှေ့ဖုံးမှအဆက်

သို့ဖြစ်၍ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ယခုထက်ပိုမို၍ ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်သည်ဟု အဖြေထွက်မည်ဖြစ်ကြောင်း။

**ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည်များကို သင်ခန်းစာယူ၍ ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်**

မိမိတို့အစိုးရအဖွဲ့သည် လွတ်လပ်၍ တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက ၎င်းတို့၏စိတ်သဘောဆန္ဒများအလျောက် ဆန္ဒမဲပေးရွေးချယ်ပြီး ထွက်ပေါ်လာခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များမှ ရွေးကောက်တင်မြှောက်ထားသည့် ရွေးကောက်ခံအစိုးရအဖွဲ့ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် တက်ကြွစွာဖြင့် စည်းကမ်းတကျလာရောက်၍ မဲရုံများ၌ ဆန္ဒမဲများပေးခဲ့ကြသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ မဲပေးသူအများစုမှာ အသက် ၁၈ နှစ်နှင့် ၅၀ အကြားဖြစ်ကြကြောင်း၊ ၎င်းတို့၏သဘောဆန္ဒအလျောက် မဲပေးခြင်းဖြစ်ကြောင်း၊ မဲပေးရာတွင် စနစ်တကျဖြင့်တန်းစီ၍ မဲပေးခဲ့ကြခြင်းကိုတွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရ ဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ်ကြောင်း။

ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်ပြီး အောင်မြင်သည့်ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများ အများစုဖြစ်ကြကြောင်း၊ ရွေးကောက်ပွဲတွင် ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ခြောက်ပါတီရှိခဲ့ကြောင်း၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် တစ်ဦးရွေးကောက်ခံခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်နှင့်အညီ အားလုံးပါဝင်သည့်ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်တွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းဆိုင်ရာများ၊ ခေတ်စနစ်အတွေ့အကြုံများအပေါ်တွင် သင်ခန်းစာယူ၍ မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သည့် ဦးဆောင်မှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးလည်မသုန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများက ရွေးချယ်ထားသည့် အစိုးရဖြစ်သဖြင့် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်စေရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သော နိုင်ငံများအနေဖြင့် ပြည်သူများက ရွေးချယ်ထားသည့် ဒီမိုကရေစီနည်းလမ်းနှင့်အညီ တာဝန်ထမ်းဆောင်နေသည့် မိမိတို့အစိုးရအပေါ်၌ ကန့်သတ်မှုများ၊ စီးပွားရေးပိတ်ဆို့မှုများကို ဖိအားပေး လုပ်ဆောင်နေကြဆဲဖြစ်ကြောင်း၊ ဒီမိုကရေစီနည်းလမ်းတကျ မိမိဆန္ဒဖြင့် လာရောက်မဲပေးကြသူများကို ဒီမိုကရေစီနိုင်ငံများက တန်ဖိုးထားရန်လိုပါကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်စေရေး ဆက်လက်ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်နှင့်လျော်ညီသည့် ပြောင်းလဲမှုများကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

**ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့်လျော်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကိုရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏အမျိုးသားရေးစရိုက်လက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန်လို**ကြောင်း၊ **အမျိုး၊ ဘာသာသာသနာ၊ ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်သွားရန် တာဝန်ရှိ**ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း အားနည်းချက်ရှိသည်များကို ပြင်ဆင်၍ ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုအပ်သည်များကို ထိန်းသိမ်းသွားကြရန်လိုကြောင်း။

**သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေး**

သွင်းကုန်ကဏ္ဍတွင် စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပမာဏများစွာ တင်သွင်းနေရဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံများ စိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စားသုံးဆီများကို ပြည်ပမှ တင်သွင်းနေရခြင်းမှာ မဖြစ်သင့်ကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ်စသည့် ဆီထွက်သီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးက စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ပို့ကုန်ကဏ္ဍတွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ရှိသည့် လူဦးရေ၊ စားသုံးနိုင်မည့်ပမာဏနှင့် ဆန်ထွက်ရှိမှုတို့ကိုတွက်ချက်၍ ပိုလျှံသည့် ဆန်တင်ပို့မှုပမာဏများကို တွက်ချက်ရနိုင်ကြောင်း၊ ပိုလျှံသည့်ဆန်ရရှိမှုနှင့် ဈေးကွက်ရရှိမှုအပေါ်မူတည်၍ ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ **“ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်”**ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကထွက်ရှိသည့် ပေါ်ဆန်းမွှေးဆန်သည် နိုင်ငံတကာဈေးကွက်တွင် နာမည်ရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်ပို့ကုန်တစ်ခုဖြစ်သည့်အတွက် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံကထွက်ရှိသည့် ကော်ဖီသီးနှံသည်လည်း ဝယ်လိုအားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် **ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ပြင် မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးစသည့် ရာသီသီးနှံများသည် နေ့စဉ်မပါမဖြစ်အသုံးပြုနေရသဖြင့် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ်သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း၊ ပို့ကုန်များတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အနေဖြင့် ထုတ်ကုန်တိုးမြှင့်လာစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ဈေးကွက်ရရှိရေးတို့နှင့်ပတ်သက်၍ စဉ်ဆက်မပြတ်သုတေသနပြု ဆောင်ရွက်သွားကြရန်လိုကြောင်း။

အသားငါးများ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်ပတ်သက်၍လည်း ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။

**ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းနှင့် MSME လုပ်ငန်းများကို အထူးအလေးထား အားပေးမြှင့်တင်၍ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်**

စီးပွားရေးနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ တိုးတက်လာစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုသကဲ့သို့ ဒေသအလိုက်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း သာယာလှပမှုနှင့် နှစ်လိုဖွယ်ရှိသည့် ဝန်ဆောင်မှုများကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ခရီးသွားဝင်ရောက်မှုများလည်း တိုးတက်လာစေမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားဝန်ဆောင်မှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်သွားလာနေထိုင်စားသောက်မှုတို့တွင် အခြားသောဖွံ့ဖြိုးတိုးတက်နေသည့်ဒေသများ၊ နိုင်ငံများကို အတုယူ၍ သွားချင်စဖွယ်၊ လာချင်စဖွယ်၊ နေချင်စဖွယ်ဖြစ်အောင် ဆောင်ရွက်ပြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့်ဒေသသို့ လာရောက်ကြသည့် ခရီးသွားများအားလုံး၏မှတ်ချက်ကောင်းကို ရရှိနိုင်ရေး နိုင်ငံသားတစ်ဦးချင်း၊ ဒေသခံတစ်ဦးချင်းစီမှစ၍ ကိုယ်စီအသိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ **“အိမ်သာလျှင် ဧည့်လာမည်”** ဟူသည့်စကားနှင့်အညီ သာယာလှပပြီး စည်းကမ်းစနစ်တကျရှိသည့် ပတ်ဝန်းကျင်ကောင်းကို ပုံဖော်ဖန်တီးနိုင်ရေး တာဝန်ရှိသူများအားလုံးက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုက်နာဆောင်ရွက်ရမည့် ဝန်ထမ်းများ၊ ကိုယ်စီအသိစိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည့် ပြည်သူများအားလုံးအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**ဈေးကွက်လိုအပ်ချက်ရှိပြီး ဝယ်လိုအားရှိသည့် မြန်မာ့ပေါ်ဆန်းနှင့် မြန်မာ့ကော်ဖီတို့ကို အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ပြည့်မီအောင် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**

နိုင်ငံ့စီးပွားရေးအားကောင်းလာစေရေးအတွက် MSME လုပ်ငန်းများကို မဖြစ်မနေ အားပေးမြှင့်တင်ကြရန်လိုပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် SME လုပ်ငန်းများကို အားထားနေရဆဲဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း MSME လုပ်ငန်းများကို အထူးအလေးထားအားပေးသွားရန်နှင့် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အဓိကထား၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ အရင်းအနှီး၊သွင်းအားစု၊လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှ ဝယ်ယူ၍ ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများကိုအသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ MSME လုပ်ငန်းများတိုးတက်စေရေးအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို နိုင်ငံတော်က ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့် ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လိုအပ်သည့်လူသားအရင်းအမြစ်များရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ စီးပွားရေးမြှင့်တင်မှုလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းစွာဖြင့် နိုင်ငံတော်က ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကိုဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ယခင် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်နှင့် ပြည်ထောင်စုအဆင့်တာဝန်ရှိသူများ၏ မဆင်မခြင်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကနစ်နာဆုံးရှုံးခဲ့ရသည့် ငွေကြေးပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၄ သန်းနှင့် ငွေကျပ် ၂၂၆ ဒသမ ၁၀၇ ဘီလီယံဆုံးရှုံးခဲ့ရကြောင်း၊ ထိုကဲ့သို့မဖြစ်စေရေးအတွက် မိမိတို့အနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စဉ်းစားဆင်ခြင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်အနေဖြင့် များစွာဆုံးရှုံးနစ်နာရနိုင်သည်ဖြစ်သဖြင့် အဂတိမှုများနှင့်ပတ်သက်၍ အရေးယူရသည်များ မဖြစ်ရန်လိုကြောင်း၊အဂတိလိုက်စားမှုများမရှိစေရေး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် ကြပ်မတ်ထိန်းသိမ်းကြရန် လိုကြောင်းဖြင့် မှာကြားသည်။

**သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နွေစပါးနှင့်မိုးသီးနှံများအတွက် လိုအပ်သော ယူရီးယားမြေဩဇာနှင့် စက်သုံးဆီများ တောင်သူလက်ဝယ် အချိန်မီရောက်ရှိရေး၊ သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဩဇာသုံးစွဲမှုကိုမြှင့်တင်ပြီး အရည်အသွေးမမီသော မြေဩဇာများ ဈေးကွက်အတွင်း မပျံ့နှံ့စေရန်ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နေကြာ၊ နှမ်းဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဆန်စပါး Export Zone များမှတစ်ဆင့် ပြည်ပတင်ပို့မှုမြှင့်တင်ရေး၊ ပဲပုပ်စိုက်ပျိုးရေး၊ ရေချိုပုစွန်သားဖောက်ထုတ်လုပ်ရေးနှင့် ပြည်တွင်းထုတ်မျိုးချောင်းများဖြင့် နို့စားနွားမျိုးစပ်လုပ်ငန်းများအောင်မြင်ရေးဆောင်ရွက်လျက်ရှိမှု၊ လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းလမ်းဖြင့်သုံးစွဲနေမှုများကို ထိရောက်စွာတားဆီးရေးဆောင်ရွက်လျက်ရှိမှု၊ သမဝါယမအသင်းများမှ တောင်သူများကို စနစ်တကျဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ အသေးစားစက်မှုလုပ်ငန်းများအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိမှု၊

ခတ်မြေဩဇာများ တောင်သူများလက်ဝယ်သို့ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ သီးနှံပေါ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိလျက်ရှိမှု၊ အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများကို မှန်ကန်သည့်ကုန်ထုတ်လုပ်မှုများ ဖြစ်အောင်ဆောင်ရွက်လျက်ရှိမှု။

ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သဘာဝဓာတ်ငွေ့များဖြန့်ဖြူးရာတွင် လေလွင့်ဆုံးရှုံးမှုများမဖြစ်စေရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ ထုတ်လုပ်မှုများတိုးမြှင့်ထုတ်လုပ်နိုင်ရေးကမ်းလွန်စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် သန်လျင်ရေနံချက်စက်ရုံကို ပြန်လည်တည်ဆောက် အဆင့်မြှင့်တင်လျက်ရှိမှု၊ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စက်သုံးဆီများသယ်ဆောင်ဖြန့်ဖြူးပေးရာတွင် စနစ်တကျဖြင့် ရယူသုံးစွဲနိုင်ရေး Digital စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများရရှိရေး သဘာဝဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတို့ကို အဓိကထားထုတ်လုပ်လျက်ရှိပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားများလုံလောက်စွာရရှိစေရေး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးလျာထားဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေမှုများတွင် လေ့လွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးဆောင်ရွက်လျက်ရှိမှု။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့်မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းမှတ်ပုံတင်များပေးလျက်ရှိမှု၊ MSME ပြပွဲများ၊ ကုန်ထုတ်လုပ်မှုနှင့် လုပ်ငန်းစွမ်းဆောင်မှုမြှင့်တင်ရေး သင်တန်းများဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးလျက်ရှိမှုနှင့် အေဂျင်စီများဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိမှုနိုင်ငံတော်အကြီးအကဲ၏အားပေးဆောင်ရွက်မှုများကြောင့် MSME လုပ်ငန်းများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အဆင့် MSME ပြပွဲများကျင်းပလာနိုင်မှု၊ ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်လျက်ရှိမှုနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိမှု၊ ဝါးအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျောင်းပြင်ပသို့ရောက်ရှိနေသည့် ကလေးများကျောင်းပြန်တက်နိုင်ရေး Placement Test များစစ်ဆေး၍ အစိုးရကျောင်းများတွင် ပြန်လည်လက်ခံရေးနှင့် စနစ်တကျစာရင်းကောက်ယူဆောင်ရွက်နေမှု၊ ပုဂ္ဂလိကကျောင်းများစနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ထားသည့်စည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရေး စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ အသီးသီးဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတ ဦးညိုစောက ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့်ကိစ္စရပ်များကို ပြီးပြတ်အောင် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

**ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်လို၊ တရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်မှုများမရှိစေရေးနှင့် စစ်ဆေးရေးဂိတ်များအနေဖြင့် စည်းကမ်းတကျ စစ်ဆေးဆောင်ရွက်စေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန်လို . . .**

### တင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးမှာကြား

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိကကျကြောင်း၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ အာလူးများကို စိုက်ပျိုးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တစ်ဧကအထွက်နှုန်းများကောင်းရန်နှင့် အချက်အလက်များမှန်ကန်မှုရှိရန်လိုကြောင်း၊ ဆန်တင်ပို့မှုများတိုးတက်လာစေရေးအတွက် အရည်အသွေးကောင်းမွန်သည့်ဆန်များ စိုက်ပျိုးရရှိစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီ၊ မန္တလေး၊ ရှမ်းပြည်နယ်တို့တွင် နေကြာ၊ ပဲပုပ်နှင့်နှမ်းကို စိုက်ပျိုးကြပြီး လက်ရှိစိုက်ပျိုးဧကအတိုင်း တစ်ဧကပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းရရှိအောင်ဆောင်ရွက်စေလိုကြောင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတို့တွင် စပါး၊ ပဲ၊ နှမ်း၊ ပြောင်းတို့အပါအဝင် သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးများအနေဖြင့် ပြည်ပပို့ကုန်ပိုမိုတိုးမြှင့်ရရှိနိုင်ရေးစိုက်ပျိုးရန်လိုသကဲ့သို့ ပြည်နယ်များအလိုက်လည်း ဒေသတွင်း စားရေးဖူလုံရေးအတွက် အဓိကထား ဆောင်ရွက်သွားကြရန် လိုကြောင်း။

သမဝါယမစနစ်မှတစ်ဆင့် ကျေးလက်နေပြည်သူများ စီးပွားပိုမိုဖြစ်ထွန်းလာစေပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးမူကြီး ငါးရပ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးစသည်တို့ကိုအခြေခံ၍ သမဝါယမစနစ်ကို ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ထို့ကြောင့် သမဝါယမစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဒေသအလိုက်ဖူလုံမှုရှိစေရေး လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို မိမိတို့ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ အပူစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီများနှင့်ပတ်သက်၍ တတ်နိုင်သမျှထိန်းသိမ်းဆောင်ရွက်ထားနိုင်ကြောင်း၊ ဆီသိုလှောင်မှုများနှင့်ဖြန့်ခွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

### ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် **ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊** အလားတူ **တရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးများ သယ်ဆောင်မှုများမရှိစေရေးနှင့် စစ်ဆေးရေးဂိတ်များအနေဖြင့် စည်းကမ်းတကျ စစ်ဆေးဆောင်ရွက်စေရေး အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။**

ဝန်ကြီးဌာနအသီးသီးနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စီမံကိန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့်အောင်မြင်အောင် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန် ကာလအတွင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် ဆောင်ရွက်ရန် လုပ်ငန်းများကိုလည်း အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်ရေး အရှည်ကိုမြော်တွေးပြီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေနေရာများကို အသုံးချရာတွင်လည်း အရှည်ကို မြော်တွေးပြီး Master Plan များ ကြိုတင်ရေးဆွဲကာ စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်က ဆောင်ရွက်သည်များရှိသကဲ့သို့ ဒေသအလိုက် ဆောင်ရွက်ရသည်များလည်းရှိပြီး ရေရှည်အကျိုးကိုကြည့်၍ စနစ်တကျဖြင့် တွက်ချက်ဆောင်ရွက်သွားကြရန် အလေးထားမှာကြား လိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပထမတံခွန်စိုက်ဆုဖလားဆွတ်ခူးခဲ့သည့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းကို ဝန်ကြီးချုပ် ဦးမျိုးအောင် ကြိုဆိုဂုဏ်ပြု

မန္တလေး မေ ၆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးခဲ့သည့် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်း ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စစ်တုရင်အသင်း အုပ်ချုပ်သူ၊နည်းပြများနှင့် ပြိုင်ပွဲဝင်ကစားသမားများ၊ တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၆-၂၀၂၇ အားကစားပြက္ခဒိန်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ ၃၃ ပွဲတွင် စစ်တုရင်ပြိုင်ပွဲသည် ပထမဆုံးယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်ပြီး ပထမတံခွန်စိုက်ဆုဖလားကို ဦးစွာရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည့် ပြိုင်ပွဲတိုင်းတွင် အုပ်ချုပ်သူ၊နည်းပြများ၏ အနီးကပ်စနစ်တကျကြပ်မတ်လေ့ကျင့်သင်ကြားပေးရင်း ပြိုင်ပွဲဝင်အသင်းများမှကစားသမားများကလည်း မန္တလေးတိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်အောင်၊ တိုင်းဒေသကြီးအဆင့်မှ နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံဂုဏ်ဆောင်နိုင်မည့်နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြစ်အောင်၊ဇွဲ၊လုံ့လ၊ဝီရိယတို့ဖြင့် ဆက်လက်အောင်မြင်မှုများရရှိအောင် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အောင်ပွဲရမန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများက တစ်ဦးချင်းမိတ်ဆက် ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းမှ တာဝန်ရှိသူများက ပထမတံခွန်စိုက်ဆုဖလားကို အပ်နှံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး စစ်တုရင်အသင်းကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။




ထို့နောက် မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းအုပ်ချုပ်သူက ပြိုင်ပွဲအတွေ့အကြုံများရှင်းလင်းတင်ပြ၍ ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုနံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

မန္တလေးတိုင်းဒေသကြီး စစ်တုရင်အသင်းသည် ဧပြီ ၂၇ ရက်မှ မေ ၄ ရက်ထိ ရန်ကုန်မြို့တွင်ကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်စစ်တုရင်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အသက် ၁၈ နှစ်အောက်အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊အသက် ၁၈ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့် အပြည်ပြည်ဆိုင်ရာအလွတ်တန်းအသင်းလိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုတို့ဖြင့် ပထမတံခွန်စိုက်ဆုဖလားကိုဆွတ်ခူးခဲ့ပြီး ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်စုစုပေါင်းအသင်း ၁၃ သင်းတို့တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယအဆင့်ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဂုဏ်သိက္ခာရှိစွာ ဥပဒေ၏အကာအကွယ်အောက်တွင် နေထိုင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်မှ မဲဆန္ဒရှင် ပြည်သူများနှင့် ယနေ့နံနက်ပိုင်းတွင် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ သုခရတနာကျောင်းတိုက်ဓမ္မာရုံ၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ယခုကဲ့သို့ ဇေယျာသီရိမြို့နယ်ရှိ ဒေသခံပြည်သူများကို တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက်မိပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒရှင်ပြည်သူများက မဲပေးရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ပေါင်းစည်းထားသည့်နေရာဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ အားကိုးအားထားပြုရမည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူတစ်ရပ်လုံး ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဂုဏ်သိက္ခာရှိစွာ ဥပဒေ၏အကာအကွယ်အောက်တွင်နေထိုင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူများအကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် လက်ရှိပြဋ္ဌာန်းထားရှိသော တည်ဆဲဥပဒေများနှင့် စပ်လျဉ်း၍ အမြန်ဆုံးပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြန်လည်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွှတ်တော်၏လုပ်ငန်းစဉ်များကို သိရှိနားလည်စေရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။



ထို့ပြင် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုသည့်အတိုင်း မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒများနှင့်လိုလားချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူများ၏အသံကို နိုင်ငံတော်အစိုးရထံ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရက် ၁၀၀ စီမံချက်ဖြင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ပြည်သူလူထုအတွက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်တွင်လည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များရှိပါက လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်အစိုးရထံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံမဲဆန္ဒရှင်ပြည်သူများက ငလျင်ကြောင့်ပျက်စီးခဲ့သည့် စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်ပေးနိုင်ရေး၊ ကျေးရွာတွင်းနှင့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းများ ခင်းပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေးအတွက် စက်သုံးဆီရရှိရေးတို့နှင့် စပ်လျဉ်းသည့် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုတင်ပြချက်များကို မှတ်တမ်းတင်ထားရှိပါကြောင်း၊ လတ်တလောဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကွင်းဆင်းစစ်ဆေး၍ ဦးစားပေးအလိုက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**မန္တလေး မေ ၆**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံး သဘင်ဆောင်၌ တွေ့ဆုံသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံရေးအခင်းအကျင်းအသစ်နှင့် ထွန်းလင်းတောက်ပလာမည့် မြန်မာ့အနာဂတ် Video Clip ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံရေးအခင်းအကျင်းသစ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေချိန်အတွင်း အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် မဏ္ဍိုင်ကြီး သုံးရပ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပြီး နိုင်ငံတော်၊ လွှတ်တော်များနှင့် ပြည်သူလူထုပူးပေါင်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားရေး၊ ယခုဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများ၏ အားသာချက်၊ အားနည်းချက်များကိုဖော်ထုတ်ပြီး နိုင်ငံတော်နှင့်အစိုးရ၊ ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်း




စေရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မဲဆန္ဒရှင်ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းသည် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမအား လှည့်လည်ကြည့်ရှုကာ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မြင့်မော်ထွန်း(ပြန်/ဆက်)**

## မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်သဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များကို အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျ ထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်း ဝင်ရောက်မှုကို ကန့်သတ်ပြီး "တာဝန်ရှိသူမှအပ မဝင်ရ" တားမြစ်ဆိုင်းဘုတ်ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့် ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ ရေခွက်)များကို ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်းလုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြားအင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံကို ပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။


၇။ တိရစ္ဆာန်များကို အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ဆက်သွယ်ရန်ဖုန်း - ၀၆၇၃၄၀၈၄၆၃

# နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၆**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim နှင့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်း တွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက် ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီး မြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားကဏ္ဍ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

# မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ် ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ တပ်နယ်တပ်ရင်း၊ တပ်ဖွဲ့မှူး များနှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသည့် မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက် များကို လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကျင်းပစဉ်။

# မြစ်ကြီးနားစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများကို သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သင်တန်းသားများ၏ သင်ခန်းစာများ၊ စာတွေ့လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သင်တန်းသား၊ သင်တန်းသူများနှင့်အတူ အထူးနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

**နေပြည်တော် မေ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားသင်တန်းစခန်း၌ လေ့ကျင့် သင်ကြားလျက်ရှိသော အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်း သား၊ သင်တန်းသူများအတွက် အထူး နေ့လယ်စာစားပွဲနှင့် အထောက်အကူ ပြုပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက် ပိုင်းတွင် အဆိုပါသင်တန်းစခန်း၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ သင်တန်းမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများ၏ သင်ခန်းစာများ စာတွေ့လက်တွေ့ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးရာ သင်တန်းမှ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်း တင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ အတွက် သင်တန်းအထောက်အကူပြု ပစ္စည်းများကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်း သား၊ သင်တန်းသူများနှင့်အတူ အထူး နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စီး ပြန်လည်ထွက်ခွာ

**နေပြည်တော် မေ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura (F-48)နှင့် INS Sunayna(P-57) တို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားမှပြန်လည် ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီး များ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန် ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် လိုက်ပါ လာသည့် အရာရှိ၊ စစ်သည်များသည် မေ ၄ ရက်မှ ယနေ့ထိ ခရီးစဉ်ကာလ အတွင်း ရန်ကုန်မြို့ရှိအထင်ကရနေရာများ သို့ လေ့လာရေးခရီးလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ချစ်ကြည်ရေး အားကစား ပြိုင်ပွဲယှဉ်ပြိုင်ကစားခြင်းများ ပြုလုပ်ခဲ့ ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS Satpura (F-48)နှင့် INS Sunayna(P-57)တို့ ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့်အတူ စစ်ရေယာဉ် INS Satpura (F-48)ပေါ်တွင်ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် မေ ၆

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi နှင့်အတူ မေ ၅ ရက် ညပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၊ MITT တံတား၌ ဆိုက်ကပ်ထားသည့် အိန္ဒိယစစ်ရေယာဉ် INS Satpura(F-48) ပေါ်၌ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယကြည်းတပ်စစ်သံမှူး Colonel Jaswinder Singh Gill၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယရေတပ်စစ်သံမှူး Captain Manoj Kumar Pandey နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi တို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးသည် စစ်ရေယာဉ် INS Satpura(F-48) ပေါ်သို့ရောက်ရှိလာရာ စစ်ရေယာဉ်တာဝန်ကျတပ်ဖွဲ့က ကြိုဆိုအလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် စစ်ရေယာဉ်ပေါ်မှ အရာရှိ၊ စစ်သည်များက အိန္ဒိယယဉ်ကျေးမှုရိုးရာအဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် အိန္ဒိယသံအမတ်ကြီးတို့က နှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကာ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)တို့သည် အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး ညစာကိုအတူတကွသုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးသည် စစ်ရေယာဉ် INS Satpura(F-48)ပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် မေ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Dinesh Kumar Tripathi, PVSM, AVSM, NM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ်အတွင်း မေ ၂ ရက်တွင် သန်လျင်တပ်နယ်ရှိ နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ်သို့ ရောက်ရှိရာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်သည်။ ဆက်လက်ပြီး ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သန်လျင်တပ်နယ်ရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အဆိုပါရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိSmall Arm Simulator ကို အိန္ဒိယရေတပ်ဦးစီးချုပ်ကဖွင့်လှစ်ပေးပြီး သမိုင်းဝင်စစ်ရေယာဉ်(မေယု)သို့ သွားရောက်ကြည့်ရှုလေ့လာကြကာအမှတ်တရသစ်ပင်စိုက်ပျိုးသည်။

အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၃ ရက်တွင် အင်းလေးဒေသရှိဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်လေ့လာခြင်း၊ ရိုးရာရက်ကန်း ရက်လုပ်နေမှုများကို လေ့လာခြင်းနှင့်အင်းလေးကန်၌ လှည့်လည်ကြည့်ရှုလေ့လာခြင်းတို့ ဆောင်ရွက်ကြပြီး နေပြည်တော်သို့ရောက်ရှိကြပြီး နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မေ ၄ ရက်တွင် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့သွားရောက်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ကြသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုပန်းခြင်းချအလေးပြုကြသည်။ ထို့နောက် ဘုရင့်နောင်ရိပ်သာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်တွေ့ဆုံ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီးနောက် နှစ်ဖက်အပြန်အလှန်မိတ်ဆက်ခဲ့ကြပြီး နှစ်နိုင်ငံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးကြသည်။ ယင်းနောက် အိန္ဒိယရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြား အတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ထို့ပြင် လုပ်ငန်းသုံးယာဉ်များ နှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား ၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# တားဆီးကာကွယ် မီးခိုးမြူငွေ့အန္တရာယ်

**မင်းခန့်**

ယနေ့အချိန်ခါမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနဲ့တစ်ဝန်း ကြည်လင်ပြာလွင့်နေတဲ့ ကောင်းကင်ပြာကြီးဟာ တစ်စတစ်စ မှေးမှိန်လာနေပြီ ဖြစ်ပါတယ်။ လတ်ဆတ်တဲ့လေကို ရှူရှိုက်ခွင့်ရမယ့်အစား တောမီးလောင်ကျွမ်းမှုတွေ၊ စိုက်ပျိုးရေးသုံး စွန့်ပစ်ပစ္စည်းတွေနဲ့ အမှိုက်တွေ မီးရှို့မှုကနေ ထွက်ပေါ်လာတဲ့ အဆိပ်သင့်စေတဲ့ ဖုန်မှုန့်တွေနဲ့ မီးခိုးမြူငွေ့တွေကိုသာ ရှူရှိုက်နေရပြီး ဒါက လူသားတွေရဲ့ အသက်ရှင်သန်နေထိုင်မှုဘဝတွေကို များစွာအန္တရာယ်ပေးလျက်ရှိနေပါတယ်။ ဒီလေထုညစ်ညမ်းမှုပြဿနာဟာ ဒေသတစ်ခုတည်း၊ မြို့တစ်မြို့တည်းမှာသာ သီးခြားဖြစ်ပေါ်နေတဲ့ ကိစ္စရပ်မဟုတ်ဘဲ ကမ္ဘာနဲ့တစ်ဝန်းရင်ဆိုင်ကြုံတွေ့နေရတဲ့ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနေပြီဖြစ်ပါတယ်။


အထူးသဖြင့် ရာသီဥတု ပူပြင်းခြောက်သွေ့တဲ့ ပွင့်လင်းရာသီကာလတွေကို ရောက်ရှိလာချိန်တိုင်း နိုင်ငံအနှံ့အပြားမှာ မီးလောင်ကျွမ်းတဲ့နေရာတွေ သိသိသာသာများပြားလာလေ့ရှိပြီး လေထုညစ်ညမ်းမှုအန္တရာယ်ကို ပြည်သူလူထုတစ်ရပ်လုံး အလူးအလဲခံစားကြရလေ့ရှိပါတယ်။ ဒီအခြေအနေဟာ ကျန်းမာရေးရှုထောင့်ကနေ ကြည့်ရင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ၊ နှလုံးနဲ့ သွေးကြောဆိုင်ရာပြဿနာတွေကို ဖြစ်စေရုံသာမက ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် အထူးစိုးရိမ်ဖွယ်ရာအဆင့်အထိ ရောက်ရှိနေတာပဲဖြစ်ပါတယ်။

ကိန်းဂဏန်းအချက်အလက်တွေအရ လေ့လာကြည့်မယ်ဆိုရင် ယခု ၂၀၂၆ ခုနှစ်ရဲ့ ဇန်နဝါရီလကနေ ဖေဖော်ဝါရီလအထိ ကာလအတွင်းမှာတင် နိုင်ငံတစ်ဝန်းမှာ မီးလောင်ကျွမ်းမှုဖြစ်စဉ်ပေါင်း ခုနစ်ထောင်ကျော်အထိ ဖြစ်ပေါ်ခဲ့တာကို စိုးရိမ်ဖွယ်ရာ တွေ့ရှိရပါတယ်။ ဒီအရေအတွက်ဟာ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်ရဲ့ အလားတူကာလက ဖြစ်ပေါ်ခဲ့မှုထက် ၂၆ ရာခိုင်နှုန်းခန့် ပိုမိုများပြားနေပြီး ၂၀၂၄ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်းခန့် ပိုမိုတိုးတက်များပြားလာနေတာလည်း ဖြစ်ပါတယ်။ ဂြိုဟ်တုပုံရိပ်တွေအရလည်း ဇန်နဝါရီလကစတင်ကာ မြန်မာနိုင်ငံအနှံ့အပြား၊ အထူးသဖြင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ မန္တလေးတိုင်းဒေသကြီး စတဲ့ဒေသတွေမှာ မီးလောင်ကျွမ်းမှုတွေ အလွန်သိပ်သည်းစွာဖြစ်ပေါ်နေတာကို ထင်ရှားစွာ မြင်တွေ့နေရပါတယ်။

ဒီလို မီးလောင်ကျွမ်းမှုအများစုဟာ တောမီးလောင်ကျွမ်းခြင်း၊ တောင်ယာခုတ်ထွင်ရှင်းလင်းဖို့ မီးရှို့ခြင်းနဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို မီးရှို့ခြင်းတို့ကြောင့် အဓိကဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ အဲဒီကနေ ထွက်ပေါ်လာတဲ့ မီးခိုးမြူငွေ့တွေဟာ လေစီးကြောင်းနဲ့အတူ နိုင်ငံအနှံ့ကိုသာမက အိမ်နီးချင်းနိုင်ငံတွေကိုပါ နယ်စပ်ဖြတ်ကျော် ပျံ့နှံ့သွားပြီး ဆိုးရွားတဲ့ လေထုညစ်ညမ်းမှုတွေကို ဖြစ်ပေါ်စေလျက်ရှိပါတယ်။

ဒီလို သဘာဝပတ်ဝန်းကျင်နဲ့ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထားပြီး တားဆီးကာကွယ်မှုတွေကို စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ထိရောက်မှုရှိစေဖို့အတွက် မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်။ အဆိုပါကော်မတီအနေနဲ့ လုပ်ငန်းစဉ်တွေကို

မဲခေါင်ဒေသခွဲတွင် Fire Hotspots နှင့် မီးခိုးမြူငွေ့ နေ့စဉ်ဖြစ်ပေါ်မှု အခြေအနေ (၄.၅.၂၀၂၆)




| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် | Hotspot အရေအတွက် | |
|---|---|---|---|
| | | ၄-၅-၂၀၂၅ | ၄-၅-၂၀၂၆ |
| ၁ | နေပြည်တော် | - | - |
| ၂ | ကချင်ပြည်နယ် | ၄ | - |
| ၃ | ကယားပြည်နယ် | - | - |
| ၄ | ကရင်ပြည်နယ် | ၁ | ၂ |
| ၅ | ချင်းပြည်နယ် | - | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | - | - |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | - | ၇ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁ | ၄ |
| ၉ | မကွေးတိုင်းဒေသကြီး | - | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | - | ၁ |
| ၁၁ | မွန်ပြည်နယ် | - | - |
| ၁၂ | ရခိုင်ပြည်နယ် | ၂ | ၁ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | - | ၁ |
| ၁၄ | ရှမ်းပြည်နယ် | ၂ | - |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၃ | ၁၃ |
| | စုစုပေါင်း | ၁၃ | ၂၉ |

အကောင်အထည်ဖော်ရာမှာ နှစ်စဉ်မီးခိုးမြူငွေ့ စတင်ဖြစ်ပေါ်လေ့ရှိတဲ့ နိုဝင်ဘာလ မတိုင်မီ အောက်တိုဘာလမှာ တစ်ကြိမ်၊ မီးခိုးမြူငွေ့ အများဆုံးဖြစ်ပေါ်လေ့ရှိတဲ့ မတ်လ၊ ဧပြီလနဲ့ မေလတွေ မတိုင်မီ ဖေဖော်ဝါရီလမှာ တစ်ကြိမ်၊ မီးခိုးမြူငွေ့ ပြန်လည်လျော့ကျသွားတဲ့ ဇွန်လမှာ တစ်ကြိမ် စုစုပေါင်း တစ်နှစ်ကို အစည်းအဝေးသုံးကြိမ် ကျင်းပပြီး ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်တွေကို အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက် ရှိနေပါတယ်။

ကော်မတီရဲ့ အဓိကရည်မှန်းချက်တစ်ခုကတော့ နိုင်ငံတစ်ဝန်း ဖြစ်ပေါ်နေတဲ့ မီးလောင်ကျွမ်းမှု အခြေအနေတွေကိုအခြေခံထားပြီး ယခု ၂၀၂၆ ခုနှစ်အတွင်း မီးလောင်ကျွမ်းမှုဖြစ်စဉ်တွေကို ယခင်ကထက် ၂၀ ရာခိုင်နှုန်းအထိ လျော့ချနိုင်ရေးကို ပြတ်ပြတ်သားသားရည်မှန်းချက်ထား ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ဒီရည်မှန်းချက်အောင်မြင်စေဖို့အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းတွေကို ထိရောက်စွာဆောင်ရွက်ဖို့နဲ့ လိုအပ်ရင် ခရိုင်အဆင့်၊ မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေကို ထပ်မံဖွဲ့စည်းဆောင်ရွက်နေပါတယ်။

ရည်မှန်းချက်တွေ အောင်မြင်စေဖို့နဲ့ ပြည်သူလူထုအတွင်း အသိပညာများ တိုးပွားရရှိစေဖို့အတွက် အစိုးရဌာနဆိုင်ရာတွေဟာ အသိပညာပေးလုပ်ငန်းတွေကို သမားရိုးကျနည်းလမ်းတွေနဲ့သာမက ခေတ်မီနည်းပညာတွေကိုပါ ပေါင်းစပ်ပြီး နည်းမျိုးစုံနဲ့ထိရောက်အောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အသိပညာပေးလုပ်ငန်းတွေမှာ မြေပြင်ကွင်းဆင်းဟောပြောတာ၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ သတင်းစာတွေကတစ်ဆင့် နှိုးဆော်တာတွေသာမက ယခုအခါ ပြည်သူတွေ အလွယ်တကူ လက်လှမ်းမီနိုင်တဲ့ အွန်လိုင်းမီဒီယာပလက်ဖောင်းတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလုပ်ဆောင်နေပြီဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရနဲ့ သတင်းမှန် ပြန်ကြားရေးကွန်ရက်တွေကတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာအသီးသီးကို အသုံးပြုပြီး ပြည်သူတွေဆီ အချိန်နဲ့တစ်ပြေးညီ သတင်းစကားတွေ ပါးလျက်ရှိပါတယ်။

ဒါ့အပြင် ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ကာ ပြည်သူလူထုရဲ့ လက်ကိုင်ဖုန်းတွေဆီကို အိမ်ကထွက်ရှိတဲ့ အမှိုက်တွေ မီးမရှို့ဖို့၊ တောင်ယာနဲ့ သစ်တောတွေအတွင်း မီးမဆင်မခြင်အသုံးပြုတာကို ရှောင်ကြဉ်ဖို့ စာတိုတွေပေးပို့ အသိပေးတာတွေကိုပါ မကြာခဏလုပ်ဆောင်နေတာကို တွေ့ရပါတယ်။ တိုင်းစစ်ဌာနချုပ်တွေမှာ ဖွဲ့စည်းထားတဲ့ သတင်းမှန်ပြန်ကြားရေးအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး အရပ်ဘက်ဝန်ကြီးဌာနတွေက မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး သတင်းတွေကိုလည်း သက်ဆိုင်ရာနယ်မြေတွေမှာ ထပ်မံဖြန့်ဝေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဘက်စုံထောင့်စုံကနေ ထိုးဖောက်ပြီး ပြည်သူတစ်ရပ်လုံးဆီကို မီးခိုးမြူငွေ့အန္တရာယ် တားဆီးရေးသတင်းစကားတွေ ပိုမိုထိရောက်လျင်မြန်စွာ ရောက်ရှိစေရေး အလေးထားလုပ်ဆောင်လျက်ရှိနေပါတယ်။

တာဝန်ရှိသူများအနေနဲ့ အသိပညာပေးခြင်းသက်သက်နဲ့သာ ရပ်တန့်မနေဘဲ မူဝါဒရေးရာနဲ့စည်းရုံးရေးလမ်းကြောင်းတွေကိုပါ စနစ်တကျချမှတ်အကောင်အထည်ဖော်နေမှုတွေကလည်း အထူးစိတ်ဝင်စားဖွယ်ကောင်းလှပါတယ်။ ပြည်သူတွေ၊ အထူးသဖြင့် တောင်သူလယ်သမားတွေ အနေနဲ့ ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်မီးရှို့မယ့်အစား ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာစေဖို့နဲ့ စိုက်ပျိုးရေးကနေ ထွက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးမယ့်အစား သဘာဝမြေဩဇာအဖြစ် ပြောင်းလဲပြုလုပ် အသုံးပြုလာစေဖို့ လက်တွေ့ကျကျ ပံ့ပိုးကူညီမှုတွေ ပြုလုပ်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဦးဆောင်ပြီး ရိုးပြတ်တွေကို ထယ်မှောက်မြေဆွေးပြုလုပ်တာ၊ ကုန်းစောင်းစိုက်ပျိုးတာနဲ့ သီးနှံသစ်တော ရောနှောစိုက်ပျိုးတာတွေကိုပါ နမူနာပြသ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စီးပွားရေးအရ တွန်းအားပေးတဲ့ မူဝါဒတွေကိုလည်း ရဲရဲဝံ့ဝံ့ကျင့်သုံးလာတာကို တွေ့ရပါတယ်။ ဥပမာအားဖြင့် ပြောင်းအများဆုံး စိုက်ပျိုးထွက်ရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကနေ အိမ်နီးချင်းနိုင်ငံတွေကို ပြောင်းတင်ပို့မယ့် လုပ်ငန်းရှင်တွေအနေနဲ့ ပြောင်းစိုက်ခင်းတွေမှာ အမှိုက်တွေ မီးရှို့မှု ကင်းရှင်းကြောင်း အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းအဖွဲ့က စိစစ်ထုတ်ပေးတဲ့ မီးခိုးမြူကင်းစင်ကြောင်း ထောက်ခံချက်ရရှိမှသာ တင်ပို့ခွင့်ပြုမယ့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ်လအတွင်းကစတင်ပြီး တင်းကျပ်စွာ စတင်ကျင့်သုံးနေပြီဖြစ်ပါတယ်။ ဒါဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စီးပွားရေးအကျိုးအမြတ်ကို တိုက်ရိုက်ချိတ်ဆက်ပေးလိုက်တဲ့ အလွန်ထိရောက်တဲ့ စည်းရုံးရေး လက်နက်တစ်လက်ပဲ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာလည်း အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်တွေကို အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်လျက်ရှိနေတာကလည်း နိုင်ငံတော်အစိုးရရဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းဖြေရှင်းလိုတဲ့ ဆန္ဒပြင်းပြမှုကို ပြသနေခြင်းဖြစ်ပါတယ်။

ဒီစီမံချက်အရ နှစ်နိုင်ငံအကြား သတင်းအချက်အလက်ဖလှယ်တာတွေ၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေ ပြုလုပ်တာနဲ့ တောမီးငြိမ်းသတ်ရေးလုပ်ငန်းတွေမှာ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်တာတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ အထူးသဖြင့် ဒေသတွင်း မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် နိုင်ငံတကာအစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ တက်ကြွစွာ ပါဝင်ဆွေးနွေးပြီး မြန်မာနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို တင်ပြကာ လိုအပ်တဲ့ ပံ့ပိုးမှုတွေ ရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပါတယ်။ ဒီလိုမျိုး မူဝါဒရေးရာခိုင်မာမှုနဲ့ နိုင်ငံတကာချိတ်ဆက်မှုတွေဟာ ရေရှည်မှာ လေထုညစ်ညမ်းမှုကို သိသိသာသာလျှော့ချပေးနိုင်မယ့်အခြေခံကောင်းတွေပဲဖြစ်ပါတယ်။

ဒါပေမဲ့ ဘယ်လိုပဲ ကောင်းမွန်တဲ့ မူဝါဒတွေ ချမှတ်ထားစေကာမူ၊ အစိုးရဌာနဆိုင်ရာတွေက ဘယ်လိုကြိုးစားပမ်းစား အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေစေကာမူ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုမရှိဘူးဆိုရင် ဒီမီးခိုးမြူငွေ့အန္တရာယ်ကို အမြစ်ပြတ်တိုက်ဖျက်နိုင်မှာ မဟုတ်တာသေချာပါတယ်။ လေထုညစ်ညမ်းမှုဟာ လူတန်းစားမရွေး၊ ဆင်းရဲချမ်းသာမရွေး အားလုံးရဲ့ ကျန်းမာရေးနဲ့ အသက်အန္တရာယ်ကို တိုက်ရိုက်ခြိမ်းခြောက်နေတဲ့ ဘုံရန်သူကြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းမှာ မီးလောင်ကျွမ်းမှုဖြစ်ပေါ်မှု လျှော့ချရေးနဲ့ မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးကို အစိုးရရဲ့ လုပ်ငန်းတာဝန်သက်သက်အဖြစ်သာ မရှုမြင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ အထူးပဲလိုအပ်လှပါတယ်။

အိမ်တွင်းအမှိုက်တွေကို လွယ်လွယ်ကူကူ **စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၁ မှအဆက်**

မီးရှို့ပစ်တာမျိုးကစလို့ တောင်ယာနဲ့ သစ်တောတွေအတွင်း သတိလက်လွတ် မီးအသုံးပြုတာတွေအထိ လုံးဝရှောင်ကြဉ်ကြရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတဲ့စိတ်ဓာတ်နဲ့ သစ်တောတွေကို ထိန်းသိမ်းတာ၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းတွေကို မြေဆွေးအဖြစ် ပြန်လည်အသုံးချတာ စတဲ့အလေ့အကျင့်ကောင်းတွေကို လူမှုအသိုင်းအဝိုင်းအတွင်း စိမ့်ဝင်ပျံ့နှံ့အောင် တစ်ဦးချင်းစီကစလို့ အသိတရားနဲ့ကိုယ်တိုင်ကိုယ်ကျ လက်တွေ့အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

ဒီကနေ့ခေတ်မှာ မီးခိုးမြူငွေ့နဲ့ လေထုညစ်ညမ်းမှုပြဿနာဟာ ကျွန်တော်တို့အနေနဲ့ လုံးဝမျက်ကွယ်ပြုထားလို့မရတဲ့ ကိစ္စရပ်တစ်ခုဖြစ်လာပါတယ်။ လေထုကို နယ်နိမိတ်စည်းတား ထားလို့မရသလိုပဲ ညစ်ညမ်းတဲ့ လေထုရဲ့ဆိုးရွားတဲ့ အကျိုးဆက်တွေဟာလည်း လူသားတိုင်းအပေါ်ကို ဧကန်မလွဲ ကျရောက်လာမှာပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံကနေ ကြိုးပမ်းဆောင်ရွက်နေတဲ့ အခုလိုအချိန်အခါမျိုးမှာ ပြည်သူလူထုအနေနဲ့လည်း နိုင်ငံတော်နဲ့အတူ တစ်တပ်တစ်အားဝိုင်းဝန်းပူးပေါင်းပါဝင်ပေးကြဖို့ အချိန်တန်နေပြီဖြစ်ပါတယ်။

ကြည်လင်ပြာလွင့်တဲ့ ကောင်းကင်ယံကို ပြန်လည်ရယူဖို့နဲ့ သန့်ရှင်းလတ်ဆတ်တဲ့ လေထုကို ကျွန်တော်တို့ရဲ့ နောင်လာနောက်သား မျိုးဆက်သစ်တွေအတွက် အမွေအနှစ်အဖြစ် ချန်ရစ်ခဲ့နိုင်ဖို့အတွက် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေးကို နိုင်ငံသားတိုင်းကမလွှဲမရှောင်ရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အခိုင်အမာခံယူကျင့်သုံးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ဒီလိုစုပေါင်းအင်အားနဲ့ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့အနာဂတ်ကမ္ဘာကြီးဟာ ပိုမိုလှပပြီး ကျန်းမာပျော်ရွှင်ဖွယ်ကောင်းတဲ့ လူနေမှုဝန်းကျင်တစ်ခုအဖြစ် ရေရှည်တည်ရှိနေမှာဖြစ်တဲ့အကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သော အစိုးရအဖွဲ့ ကတိသစ္စာပြုပွဲအခမ်းအနားနှင့် ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နိုင်ငံတော်သမ္မတမိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတို့တွင် "ပြည်သူများဆင်းရဲမှုလျှော့ချရေးနှင့် တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျတဲ့ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရသူများဖြစ်၍ တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ဖို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ်ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော်မူဝါဒ၊လမ်းညွှန်ချက်များနှင့်အညီ သက်သာသောအတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးလျက်ရှိပါသည်။

၃။ ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှစတင်ဆောင်ရွက်မည့် အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း Quick Win ရရှိစေမည့်အစီအစဉ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်လည်းပါဝင်ရာ ချေးငွေအတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် သီးနှံအမျိုးအစားအလိုက် တစ်ဧကလျှင် အောက်ပါနှုန်းထားအတိုင်းတိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ပါသည်-

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေနှုန်းထား | တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား |
|---|---|---|---|
| (က) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀၀၀၀ | ကျပ် ၃၀၀၀၀၀ |
| (ခ) | အခြားသီးနှံ ၁၈ မျိုး | ကျပ် ၁၀၀၀၀၀ | ကျပ် ၂၅၀၀၀၀ |
| (ဂ) | ပန်းနှမ်း၊ဆီမုန်ညင်း၊ဂုန်လျှော် | ကျပ် ၁၀၀၀၀၀ | ကျပ် ၁၅၀၀၀၀ |

၄။ ထို့ပြင်လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း(Agro-based Industry) ကိုတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူလုပ်ငန်းရှင်များလိုအပ်သော လယ်ယာသုံးစက်ကိရိယာများကို သက်သာသောအတိုးနှုန်းဖြင့် ဝယ်ယူနိုင်စေရန် တန်ဖိုးနည်း လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရေတင်စက်မှအစ တန်ဖိုးမြင့်မားသော အခြောက်ခံစက်(Dryer)၊သိုလှောင်ရုံ(Silo)၊ ဆန်စက်များစသည့်လယ်ယာသုံးစက်ကိရိယာများကို အတိုးနှုန်းခြောက်ရာခိုင်နှုန်း၊ ချေးငွေပမာဏ ကျပ်သိန်း ၃၀၀၀ ထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍ တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မိုးရာသီစိုက်ပျိုးချိန်အမီ ၁၂-၅-၂၀၂၆ ရက်မှစတင်၍ ထုတ်ချေးမည်ဖြစ်ရာ ယခင်ချေးငွေများပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများအချိန်မီရရှိနိုင်ရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ လူရည်ချွန်စခန်းသီးသီးသို့ စတင်ထွက်ခွာ၊ ဒေသန္တရလေ့လာရေးခရီးစဉ်များ သွားရောက်



**နေပြည်တော် မေ ၆**

နေပြည်တော် လူရည်ချွန်အပန်းဖြေစခန်းတွင် ရောက်ရှိနေသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဒွါဒသမတန်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၉၉ ဦးသည် အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ရောက်ရှိပြီး ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများ၊ အသံလွှင့်လုပ်ငန်းများနှင့် စိန်ရတုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များကို ကြည့်ရှုလေ့လာကြသည်။

အလားတူ ပြင်ဦးလွင်လူရည်ချွန်စခန်းကိုအခြေပြု၍ ဒေသန္တရဗဟုသုတများလေ့လာကြမည့် နဝမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၉၆ ဦးနှင့် အုပ်ချုပ်သူ ဆရာ၊ ဆရာမ ၁၈ ဦးသည် နေပြည်တော် စုရပ်စခန်းမှ ပြင်ဦးလွင်သို့ ထွက်ခွာကြပြီး မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ လူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပန်းစည်းများဖြင့်လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့ပြင် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းတွင်အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် ၂၀၂၆ ခုနှစ် Grate 10 လူရည်ချွန် မောင်မယ် ၁၃၂ ဦး၊ ကြီးကြပ်ဆရာ၊ ဆရာမ ၁၈ ဦးသည် ရှမ်းပြည်နယ် ကလောမြို့သို့ ရောက်ရှိရာ ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘင်ခရာတပ်ဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများက သောင်းသောင်းဖြဖြ ကြိုဆိုကြပြီး မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ ရောက်ရှိလာရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဘင်ခရာတပ်ဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တိုင်းရင်းသားရိုးရာ အကအလှများဖြင့်လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးမှုတ်၍လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး ငွေဆောင်လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် Grade 11 လူရည်ချွန် မောင်မယ် ၁၃၃ ဦး၊ ကြီးကြပ်သူ ၁၈ ဦး၊ ချောင်းသာ လူရည်ချွန်စခန်းတွင် အခြေပြုပြီး ဒေသန္တရဗဟုသုတများ ရှာဖွေကြမည့် ပထမနှစ် လူရည်ချွန်မောင်မယ် ၁၄၈ ဦး၊ ကြီးကြပ်သူ ၁၈ ဦး၊ ဒုတိယနှစ် လူရည်ချွန် မောင်မယ် ၁၄၃ ဦး၊ ကြီးကြပ်သူ ၁၈ ဦး တို့ကို ညနေပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါ အချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွ ချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမို ခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င ) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

( စ ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

---

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

( ခ ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

( င ) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

( စ ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

☆ ကျောဖုံးမှအဆက်

လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မန္တလေးမှ မြစ်ကြီးနားသို့ ဆက်သွယ်ထားသည့် ဆက်သွယ်ရေးလမ်းကြောင်းသည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော အခြေခံအဆောက်အအုံတစ်ခုဖြစ်ပြီး အဆိုပါလမ်းကြောင်းကိုအသုံးပြု၍ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ၏ သွားလာနေထိုင်မှု၊ ကုန်စည်စီးဆင်းမှုများကို လွယ်ကူမြန်ဆန်စေကာ စီးပွားရေးအခွင့်အလမ်းများကို တိုးတက်စေသည့်အပြင် ကုန်စည်ပို့ဆောင်ရာတွင်လည်း ပိုမိုမြန်ဆန် တိုးတက်လာသည့်အတွက် သယ်ယူပို့ဆောင်စရိတ်များ သက်သာ၍ ဒေသခံပြည်သူများ အနေဖြင့်လည်း ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ပြီး ဒေသအချင်းချင်း ဆက်သွယ်မှုကိုလည်း ခိုင်မာစေခဲ့သည်။ထို့ပြင် အဆိုပါလမ်းကြောင်းသည် ကျေးလက်ဒေသများမှထွက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များကို မြို့ပြဈေးကွက်များသို့ ပို့ဆောင်ရာတွင်လည်း အရေးပါသည့်လမ်းကြောင်းဖြစ်ပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများကို လက်လှမ်းမီရန် အထောက်အကူပြုသည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအသုံးဝင်သည့် လမ်းကြောင်းလည်းဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ အကျိုးစီးပွားအတွက် မြို့ရွာ၊ ဒေသအချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ကာ အဆိုပါ အရေးကြီးသည့် ဆက်သွယ်ရေးလမ်းကြောင်းကို ပိတ်ဆို့လိုက်သည့်အတွက် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး စားနပ်ရိက္ခာနှင့် နေ့စဉ်သုံးပစ္စည်းများရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့်နှိပ်စက်မှုများကိုလည်း ခါးသီးစွာခံစားခဲ့ကြရပြီး ၎င်းတို့၏ ဇာတိမြို့ရွာများမှ တိမ်းရှောင်ထွက်ပြေးခဲ့ရသည်။




တပ်မတော်စစ်ကြောင်းများက မန္တလေး-မတ္တရာ-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုဖြစ်စဉ်ပြမြေပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတား ပြန်လည်ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဇရပ်ကွင်းတံတား ပြန်လည်ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် နောင်လုံတံတား ပြန်လည်ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် နောင်လုံတံတား ပြန်လည်ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျောက်စရစ်တံတား ပြန်လည်ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပြီး စနစ်တကျစုဖွဲ့ပြင်ဆင်၍ စစ်နည်းဗျူဟာမြောက် ဟန်ချက်ညီညီဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများကို တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ သပိတ်ကျင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ မတ္တရာမြို့၏ အရှေ့ဘက်ရှိဖယောင်းတောင်သတ္တုတွင်းဒေသကို ဩဂုတ် ၂၄ ရက်နှင့် အယ်လ်ဖာဘိလပ်မြေစက်ရုံကို ဩဂုတ် ၂၈ ရက်တွင်လည်းကောင်း၊ ဆည်တော်ကြီးဒေသကို နိုဝင်ဘာ ၇ ရက်တွင်လည်းကောင်း၊ စဥ့်ကူးဒေသကို ဒီဇင်ဘာ ၁၉ ရက်တွင်လည်းကောင်း ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး- မတ္တရာ- စဥ့်ကူး- သပိတ်ကျင်း ဆက်သွယ်ရေး လမ်းပိုင်းကိုလည်းကောင်း၊ တကောင်းမြို့ကို ၂၀၂၆ ခုနှစ် မတ် ၁၂ ရက်တွင် ပြန်လည်ထိန်းချုပ်ခဲ့ပြီး မန္တလေး- မတ္တရာ- သပိတ်ကျင်း- တကောင်း လမ်းပိုင်းကိုလည်းကောင်း၊ တကောင်း- ထီးချိုင့် လမ်းကြောင်းကို မတ် ၂၅ ရက်တွင်လည်းကောင်း၊ ထီးချိုင့်- ကသာလမ်းကြောင်းကို ဧပြီ ၁၆ ရက်တွင်လည်းကောင်း၊ အင်းတော်မြို့ကို ဧပြီ ၃၀ ရက်တွင်လည်းကောင်း ပြန်လည်ထိန်းချုပ်ခဲ့ပြီး မန္တလေးမြို့မှ အင်းတော်မြို့ထိ ဆက်သွယ်ရေးလမ်းကြောင်းကိုလည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် ခက်ခက်ခဲခဲ ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ကာ မေ ၅ ရက်တွင် မော်လူးမြို့ကို ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာ၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည်ချိတ်ဆက်ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မန္တလေး- မတ္တရာ- သပိတ်ကျင်း- တကောင်း-ထီးချိုင့်-ကသာ-အင်းတော်- မော်လူး- နန့်စီးအောင်- မိုးညှင်း- မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မိမိအသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်၍ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် ရှုပ်ရှုပ်ချွံချွံ အဆင့်ဆင့်ပြန်လည်တိုက်ခိုက် ထိန်းချုပ်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ တစ်နှစ်နှင့်သုံးလကျော်ကြာမြင့်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၃၂၂ ကြိမ်ဖြစ်ပွားခဲ့ကာ ရန်သူ့ထံမှ အလောင်း ၁၃၈ လောင်း၊ လက်နက်မျိုးစုံ ၃၃၂ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

စာမျက်နှာ ၂၅ သို့









❖ ဖလမ်းမြို့မှအဆက်

အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က အပြီးတိုင်ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာ နေထိုင်ခဲ့ရသည့် ဒေသခံ တိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက် ရှိကြကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး၊ ဌာနအဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့ရွာများအတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိသည်။

ယနေ့တွင် ဖလမ်းဒေသခံပြည်သူလူထုကို လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ၊ ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် လိုအပ်သည့်ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကလေးမြို့မှ ထွက်ခွာခဲ့ကြပြီး ညနေပိုင်းတွင် ဖလမ်းမြို့သို့ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း တိုက်ပွဲ၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာလိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ဖလမ်းမြို့ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများသည် ဖလမ်းမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများ၊ ရုံး၊ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

ဖလမ်းမြို့သို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာအဖွဲ့အစည်းများကို ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုကြစဉ်။



---

စာမျက်နှာ ၂၄ မှအဆက်

အကြမ်းဖက် သောင်းကျန်းသူများသည် အဆိုပါဒေသများကို ယာယီထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လူနေအိမ်များကို အကာအကွယ်ရယူ၍ ဘန်ကာများ ဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေအိမ် အဆောက်အအုံများအကြားနှင့် အများပြည်သူ သွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၌ မိုင်းထောင်ခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ရုံထုတ်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအဖြစ်အသုံးချခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ လမ်းတံတားများကို ယုတ်မာရိုင်းစိုင်းစွာ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြသဖြင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ရပ်တန့်ခဲ့ရပြီး ဒေသခံပြည်သူများ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုတ်ယုတ်နိမ့်ကျခဲ့ရပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် များစွာနစ်နာဆုံးရှုံးခဲ့ရကာ ဆင်းရဲဒုက္ခများ ခံစားခဲ့ရသည်။

အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် လူမှုစီးပွားဘဝ အဘက်ဘက်မှ ချွတ်ခြုံကျခဲ့ရသည့် ပြည်သူများအနေဖြင့်လည်း စစ်ပွဲ၏ အနိဋ္ဌာရုံများကို လက်တွေ့သိမြင်ခံစားရခြင်း၊ အကြမ်းဖက်မှုများကို လက်မခံနိုင်တော့ခြင်းများနှင့် ရပ်ရွာဒေသကို ယခင်အတိုင်း အေးချမ်းသာယာစွာ ရှိနေစေလိုခြင်းတို့ကြောင့် အကြမ်းဖက်သမားများ၏ သတင်းများကို တပ်မတော်ထံသို့ လျှို့ဝှက်စွာသတင်းပေးပို့၍ တပ်မတော်နှင့်ပူးပေါင်းလာကြသည်။ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်လာခဲ့ကြပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အမည်ခံအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အချို့ကလည်း အကြမ်းဖက်လုပ်ရပ်များကို နှိမ်နင်းနိုင်ရေးအတွက် အကြမ်းဖက်သမားများ၏ သတင်းများကို တပ်မတော်သို့ ပေးပို့ခြင်းဖြင့် ပူးပေါင်းပါဝင်လာကြကြောင်း သိရသည်။

ယခုအခါ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများ၊ ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ပြီး ဒေသတွင်းကုန်စည်စီးဆင်းကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အသက်ကိုပင် ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ နေ့မအားညမအား အစွမ်းကုန် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့ကြသည့် အောင်ပွဲရတပ်မတော်သားများကို လမ်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လှိုက်လှဲဝမ်းသာစွာ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည့် မြင်ကွင်းများမှာလည်း ငြိမ်းချမ်းမှု၏ အနှစ်သာရကို ကိုယ်တိုင်ခံစားသိမြင်ရသည့် ဒေသခံပြည်သူများ၏ ဝမ်းသာဂုဏ်ယူကြိုဆိုမှုများပင်ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ လမ်းတံတားများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်လျက်ရှိသည်။ NUG၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် PDF အမည်ခံ အဖွဲ့ဝင်များအနေဖြင့်လည်း ၎င်းတို့ကြောင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံး၍ ထိခိုက်နစ်နာခဲ့ရသည်မှာ လက်တွေ့ပင်ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်ဆန္ဒရှိပြီး နိုင်ငံတော်ကို အမှန်တကယ် အကျိုးပြုလိုပါက နီးစပ်ရာလုံခြုံရေးတပ်၊ စခန်းများနှင့်ချိတ်ဆက်၍ အမြန်ဆုံး အလင်းဝင်ရောက်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်ကာ မန္တလေး- မတ္တရာ- သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ- အင်းတော်- မော်လူး- နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်တွင် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်းပြန်လည် သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ဒီဇယ်ဆီတင်သွင်းမှု အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေခြင်းကြောင့် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြု မောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂%) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဓာတ်မြေဩဇာများ တင်သွင်းမှု အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ % ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း ၂-၄-၂၀၂၆ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၅-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ပြုသွားမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ သဘာဝဓာတ်ငွေ့အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုစရိတ်ကို လျှော့ကျစေရေးနှင့် အများပြည်သူအနေဖြင့် ဓာတ်အားခဈေးနှုန်းသက်သာစေရေးတို့အတွက် ထိန်းညှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ အဆိုပါ အခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ၂၀၂၆ ခုနှစ် မေ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ၆-၅-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၈ ~ ၃၆၆၉ | ၅၅၈.၄ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၃,၃၃၂,၈၄၆.၆၄ | ၄၃,၄၂၄,၈၁၄.၄၆ | ၈၅,၀၁၁,၃၉၄.၀၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၂၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၅၆၀ စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ချောင်းဦး မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၅၆၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၃၅၆၀ စိုက်ပျိုးရန်အတွက် လျာထားပြီး မေလတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ နှမ်းများစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်းဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

သဲကုန်း မေ ၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို မေ ၅ ရက် နံနက်ပိုင်းက သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက သင်တန်းဖွင့်လှစ် ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းသို့ သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာမက မေ ၅ ရက်မှ မေ ၁၉ ရက်ထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သုတ

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နှံကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် မေ ၆

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း နှံကားစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက နှံကားစပါးတင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလအတွင်း နှံကားစပါးတင်းရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ရေကြည်မြို့နယ်တွင် ယခုနှစ် နှံကားစပါးများ အထွက်နှုန်း ကောင်းမွန်နေကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဧပြီလအတွင်းမှာ နှံကားစပါးတင်းရေ အများအပြား တင်ပို့ ရောင်းချခဲ့ရပါတယ်။



လက်ရှိမေလထဲမှာလဲ နှံကားစပါးတွေကို အများအပြား ဝယ်ယူဖို့ ကမ်းလှမ်းချက် ရရှိထားပါတယ်။ အခုလိုနှံကားစပါးတွေ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန် တင်ပို့တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့တွေသူ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလာပါတယ်"ဟု ရေကြည်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် နှံကားစပါးများကို ပွဲရုံပိုင်ရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပင်လောင်းမြို့နယ် ပေါ့ကဲကျေးရွာ၌ မြေသားရေကန် အုတ်စီကာရံခြင်းလုပ်ငန်း စစ်ဆေး

ပင်လောင်း မေ ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပေါ့ကဲကျေးရွာ၌ မြေသားရေကန် အုတ်စီကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မေ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပင်လောင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ပေါ့ကဲကျေးရွာ၌ မြေသားရေကန် အုတ်စီကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများကို ရေရှည်တည်တံ့စေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာ၌ အလျားပေ ၅၀၊ အနံ ၃၅ ပေ၊ အမြင့်ခုနစ်ပေရှိ မြေသားရေကန် အုတ်စီကာရံခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ ဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေ ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

ချို့သန်းညွန့်

# လေးမျက်နှာမြို့နယ် ရေနောက်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

လေးမျက်နှာ မေ ၆

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေနောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ ကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သံသာ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတော်သာယာရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ပေး

ညွန့်ဝင်း(နတ်တလင်း)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်သာယာရေးသည် ထိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်နေသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း နိုင်ငံသားတို့၏ ကျန်းမာခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းနှင့် ဘေးအန္တရာယ်များ လုံခြုံမှုတို့အပေါ် မူတည်နေပြန်သည်။ ထိုအချက်များနှင့်ပြည့်စုံရန် သယံဇာတပေါကြွယ်ဝသော ရေမြေ၊ သန့်ရှင်းသော လေ၊ ရေ၊ သဘာဝပတ်ဝန်းကျင်ကောင်းလိုအပ်သည်။ ထိုသဘာဝပတ်ဝန်းကျင်အခြေအနေကို လျစ်လျူရှုမျက်ကွယ်ပြု၍ တိုးတက်မှုရှိသည်ဆိုလျှင်ပင် ရေတိုအကျိုးစီးပွားသာဖြစ်နိုင်ပြီး ရေရှည်တွင်မူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သာယာရေးကို ထိခိုက်စေမည်မှာမလွဲပေ။

ယနေ့ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ဖွံ့ဖြိုးတိုးတက်သာယာရေးအတွက် အရေးကြီးသော လိုအပ်ချက်ဖြစ်ပြီး ကျွန်ုပ်တို့အားလုံးကို စိန်ခေါ်နေသော စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ( Sustainable Development )သည် မဖြစ်မနေကြိုးပမ်းရမည့် တာဝန်တစ်ရပ်ဖြစ်လာသည်။

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်အမျိုးအစားများကို လေ့လာကြည့်လျှင် လူတို့ပြုလုပ်သော ပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဟူ၍ နှစ်မျိုးတွေ့ရမည်ဖြစ်သည်။ လူတို့ပြုလုပ်သော ပတ်ဝန်းကျင်တွင် သမိုင်းအချက်အလက်များ၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့်ပသာဒဆိုင်ရာ အကြောင်းအချက်များပါဝင်သည်။ သဘာဝပတ်ဝန်းကျင်တွင် မြေထု၊ ရေထု၊ လေထု၊ ဇီဝထု (အပင်နှင့်သတ္တဝါများ)ပါဝင်သည်။ သဘာဝပတ်ဝန်းကျင်မှ လူတို့အတွက် သန့်ရှင်းသော လေ၊ ရေ၊ အစားအစာတို့ကို ထုတ်လုပ်ပေးသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သော ရေ၊ မြေတို့ကိုလည်း သဘာဝပတ်ဝန်းကျင်ကပင် ဖန်တီးပေးထားသည်။ ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်မှပေးအပ်ထားသော တန်ဖိုးမဖြတ်နိုင်သည့် ဝန်ဆောင်မှုများဖြစ်သည်။ ထိုဝန်ဆောင်မှုများသည် ကျွန်ုပ်တို့အတွက် အလွန်အရေးပါသော ဂေဟစနစ်ဝန်ဆောင်မှုများလည်းဖြစ်သည်။ သစ်တောများရှိနေခြင်းဖြင့် လူတို့အတွက် သန့်ရှင်းသော အောက်ဆီဂျင်(လေ)ကို ကောင်းမွန်လုံလောက်စွာ ထုတ်လုပ်ပေးနိုင်သည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး ကမ္ဘာကြီးပူနွေးလာမှုကိုလည်း တိုက်ဖျက်ပေးနိုင်ရုံသာမက ရေကြီးရေလျှံမှုများ ၊ မုန်တိုင်းများဒဏ်မှ ကာကွယ်တားဆီးပေးနိုင်သည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်သည် ကျွန်ုပ်တို့အတွက် ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်လုံခြုံရေးနှင့် လိုအပ်သော သယံဇာတများကို ထုတ်လုပ်ပေးနိုင်သော အဖိုးတန်အခြေခံအုတ်မြစ်ပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာရေးကို အဟန့်အတားများစွာဖြစ်ပေါ်စေသည်။ သစ်တောများပြုန်းတီးပါက မြေဆီလွှာတိုက်စားခံရမှုများကြောင့် စိုက်ပျိုးမြေများ အရည်အသွေးကျဆင်းလာပြီး စားရေရိက္ခာ စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေသည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍမှရရှိမည့် နိုင်ငံတော်ဝင်ငွေကိုလည်း ထိခိုက်လျော့ပါးစေသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီး၍ ရေထု၊ လေထုညစ်ညမ်းမှုကြောင့် နိုင်ငံသားများ၏ ကျန်းမာရေးထိခိုက်လာစေသည်။ လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ ကင်ဆာရောဂါများပိုမိုဖြစ်ပွားလာပြီး ကျန်းမာရေးစောင့်ရှောက်မှု စရိတ်ပိုမိုကြီးမြင့်စေနိုင်သည်။ မသန့်ရှင်းသောရေကို သောက်သုံးရမှုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားကူးစက်ပြီး လူတို့၏ ပျမ်းမျှသက်တမ်းနှင့် ကျန်းမာရေးကို ထိခိုက်စေသည်။

မြန်မာနိုင်ငံသည် သဘာဝရေမြေသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်ပြီး သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေး၊ သဘာဝပသာဒအလှများ ပြည့်စုံကောင်းမွန်သော နိုင်ငံလည်းဖြစ်သည်။ ထိုသဘာဝ ရေမြေသယံဇာတနှင့် သမိုင်းအခြေခံကောင်းများကို ဂရုတစိုက်ထိန်းသိမ်းကြရန် လိုအပ်လှသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)တွင် ပတ်ဝန်းကျင်ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် လူသားတို့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်းဆိုသည်ဟု ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကျန်းမာသော နိုင်ငံသားများကသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်သဖြင့် နိုင်ငံသားတို့၏ကျန်းမာရေးကိုကာကွယ်ရန် အဓိကရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို သတ်မှတ်ထားသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီး၍ ဂေဟစနစ်ပျက်စီးလျှင် ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေသည်။ သစ်တောများမရှိပါက မိုးသည်းထန်စွာရွာသွန်းသောအခါ ရေကိုထိန်းသိမ်းတားဆီးနိုင်စွမ်းမရှိတော့၍ ရေကြီးရေလျှံမှုများပိုမိုဖြစ်ပေါ်စေသည်။ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း ဒီရေတောများ ပြုန်းတီးသွားသည့်အခါ မုန်တိုင်းဒဏ်မှ ကာကွယ်ပေးမည့် သဘာဝအတားအဆီးမရှိတော့သဖြင့် မုန်တိုင်းနှင့် ၎င်း၏အကျိုးဆက်များကို ပိုမိုခံစားရစေသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်၍ ပြန်လည်တည်ဆောက်ရေးစရိတ်ကုန်ကျမှုများပြားပြီး နိုင်ငံတော်ဘတ်ဂျက်ကို ထိခိုက်စေသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် နိုင်ငံတော်သာယာဝပြောစေရန် လူတစ်ဦးချင်းမှသည် အားလုံးပါဝင်ပြီး အစိုးရအဖွဲ့နှင့်ပူးပေါင်း ပါဝင်ဆောင်ရွက်ရမည့် စိန်ခေါ်မှုလုပ်ငန်းများဖြစ်သည်။ နိုင်ငံတော်က ဤစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ခိုင်မာသောမူဝါဒနှင့် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်နေသည်။ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာဖြစ်သည့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"( MSDP) (၂၀၁၈-၂၀၃၀) ကို နိုင်ငံတော်၏ အဓိကအာရုံစိုက်ရာကဏ္ဍအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်သာယာဝပြောရေးကို တိုက်ရိုက်ခြိမ်းခြောက်နေသည့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ(MCCMP) (၂၀၁၈-၂၀၃၀) ကိုလည်း ချမှတ်ထားသည်။ ၎င်းမဟာဗျူဟာ၏ ရေရှည်မျှော်မှန်းချက်မှာ ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များ ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရေးအတွက် အားလုံးပါဝင်သည့် ရေရှည်တည်တံ့၍ချမ်းသာကြွယ်ဝမှုရှိကာ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော လူ့အဖွဲ့အစည်း တစ်ရပ်ပေါ်ထွန်းလာသည့် မြန်မာနိုင်ငံအဖြစ် ပြောင်းလဲရန်ဖြစ်သည်။

> ❖ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို စောင့်ကြည့်သတင်းပို့ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သင့်ပေသည်။ ရေနှင့်လျှပ်စစ်ဓာတ်အားများ ချွေတာသုံးစွဲခြင်း၊ ပလတ်စတစ်ကဲ့သို့သော ဆွေးမြေ့ပျက်စီးရန်ခဲယဉ်းပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ပစ္စည်းများသုံးစွဲမှုကို လျှော့ချခြင်း စသည့်လိုက်နာဆောင်ရွက်ရန် စည်းကမ်းများကို တစ်ဦးချင်းတာဝန်ယူမှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ❖

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို စောင့်ကြည့်သတင်းပို့ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သင့်ပေသည်။ ရေနှင့်လျှပ်စစ်ဓာတ်အားများချွေတာသုံးစွဲခြင်း၊ ပလတ်စတစ်ကဲ့သို့သော ဆွေးမြေ့ပျက်စီးရန်ခဲယဉ်းပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ပစ္စည်းများသုံးစွဲမှုကို လျှော့ချခြင်း စသည့်လိုက်နာဆောင်ရွက်ရန် စည်းကမ်းများကို တစ်ဦးချင်းတာဝန်ယူမှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်သာယာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်တည်မှီနေသော အရာနှစ်ခုဖြစ်ရာ သဘာဝပတ်ဝန်းကျင်၏ အရင်းအမြစ်များ ကုန်ခန်းပျက်စီးစေမည့် အလွန်အကျွံသုံးစွဲမှုများ၊ ဖျက်ဆီးမှုများကို ရှောင်ကြဉ်လျက် သဘာဝပတ်ဝန်းကျင် တည်တံ့ခိုင်မြဲ၍ စိမ်းလန်းစိုပြည်သာယာရေးအတွက် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) (၂၀၁၈-၂၀၃၀)
- သဘာဝတရားကြီး၏တန်ဖိုးကို သိရှိနားလည်ကြပါ ( နန်းသီရိကျော်)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မြန်မာ့ရိုးရာယဉ်ကျေးမှု ခေါင်းပေါင်းဓလေ့

ကိုကျော်စွာ(ကျိုက်ပိ)



ခေါင်းပေါင်း ပေါင်းထားသော ဆရာကြီး ဦးဖေမောင်တင်ကို တွေ့ရစဉ်။

ခေါင်းပေါင်းသည် မြန်မာလူမျိုးတို့ အသုံးပြုလေ့ရှိသောအရာတစ်ခုဖြစ်သည်။ အများအားဖြင့် ခေါင်းပေါင်းကို မြန်မာအမျိုးသားများသာ အသုံးပြုလေ့ရှိကြသည်။ ခေါင်းပေါင်းဆိုသည်မှာ ဆံစွန်း၊ ဆံထုံးမပေါ်အောင် ဦးခေါင်းထက်တွင် ရစ်လိမ်ထားသော ပဝါကိုဆိုလိုခြင်းဖြစ်သည်။ ဝိနည်းအဋ္ဌကထာတွင် ဦးဖောင်းကိုပင် ဦးပေါင်းဟုခေါ်ကြောင်း၊ ဦးရစ်ဟုလည်းခေါ်ဆိုကြောင်းသိရသည်။ နန်းတွင်းသားများက သျှောင်ကိုရစ်၍ပေါင်းကြပြီး၊ အရပ်သားများက သျှောင်ကိုအုပ်၍ပေါင်းကြသည်။ မည်သို့ပင်ပေါင်းစေကာမူ ခေါင်းပေါင်းဟုသာခေါ်ကြသည်။

ခေါင်းပေါင်းသည် မြန်မာ့အမျိုးသားအခမ်းအနားဝတ်စုံတွင်ပါဝင်သည့် ဆင်ယင်ထုံးဖွဲ့မှုတစ်မျိုးဖြစ်သည်။ ခေါင်းပေါင်းရာတွင် ဦးခေါင်းကိုဖော်၍လည်းကောင်း၊ ဖုံး၍လည်းကောင်း ပေါင်းကြသည်။ ထို့ပြင် အဝတ်အထည်စများကို အဝတ်အဖြစ်အသုံးပြုသည့်အပြင် ပခုံးတင် ခေါင်းပေါင်းအဖြစ်လည်း အသုံးပြုကြပြန်သည်။ အထူးသဖြင့် ရှေးခေတ်မင်းညီမင်းသားတို့က သျှောင်ကိုမအုပ်ဘဲပေါင်းကြပြီး အရပ်သားတို့မှာ သျှောင်ကိုအုပ်၍ပေါင်းကြသည်။ မြန်မာလူမျိုးတို့သည် ဦးခေါင်းကို အမွန်အမြတ်ထားကြသည်။ အမျိုးသမီးများက ခေါင်း၌ပန်းပန်သည်။ အမျိုးသားများက သျှောင်ကိုခေါင်းပေါင်းဖြင့်မွမ်းမံသည်။ ဆင်းရဲသားများ၏ခေါင်းပေါင်းမှာ ချည်စောင်ဖြစ်သည်။ မင်းမှုထမ်းနှင့် မင်းညီ၊ မင်းသားများကား ပိုးပဝါဖြင့်ပေါင်းသည်။

**ခေါင်းပေါင်း၏နောက်ခံသမိုင်း**

ယနေ့မြန်မာနိုင်ငံတွင် ပေါင်းလေ့ရှိကြသည့် ခေါင်းပေါင်းသည် အိန္ဒိယနိုင်ငံက ယူကြသည်ဟုဆိုသည်။ ထင်ရှားသောသက်သေမှာ ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ကြွင်းသောဓာတ်တော်များကိုဝေကြရာ အတိုင်းတိုင်းအပြည်ပြည်၏ မင်းဆရာဖြစ်သောဒေါနပုဏ္ဏားသည် သူ၏ဦးရစ်ကြားဝယ် ဓာတ်တော်အချို့ကို ဝှက်ထားကြောင်း ကျမ်းဂန်အဆိုအရသိရသည်။ အဋ္ဌကထာ၌ ဦးရစ်ကိုပင် ခေါင်ပေါင်းခေါ်သောကြောင့် ယခုဒေါနပုဏ္ဏား၏ ဦးရစ်ကိုလည်း ခေါင်းပေါင်းဟုပင်ယူဆရပေမည်။ အာနန္ဒာလိုဏ်ဂူအတွင်းရှိ သိဒ္ဓတ္ထမင်းသား၏ပုံတွင်လည်း ဖောင်းထုပ်ကိုတွေ့ရသည်။

ခေါင်းပေါင်းခြင်းဓလေ့သည် အန္ဒိယ၌ သက္ကရာဇ် ၁၀၃ ခုနှစ်လောက်ကပင် ခေါင်းပေါင်းဓလေ့ရှိခဲ့ပြီဟု ကောက်ချက်ချရပေမည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့်အတွက် ခေါင်းပေါင်းဓလေ့သည် အိန္ဒိယမှ မြန်မာနိုင်ငံသို့ ရောက်ရှိပျံ့နှံ့လာဟန်တူသည်။ ခေါင်းပေါင်းခြင်းကို အိန္ဒိယနှင့်မြန်မာနိုင်ငံများတွင်သာ အများဆုံးတွေ့ရတတ်သည်။

**မြန်မာ့ရိုးရာယဉ်ကျေးမှု ခေါင်းပေါင်းဓလေ့**

ခေါင်းပေါင်းသည် မြန်မာလူမျိုးတို့ဆင်မြန်းလေ့ရှိသည့် မြန်မာ့အဆင်တန်ဆာတစ်မျိုးဖြစ်သည်။ မြန်မာလူမျိုးတို့၏ ခေါင်းပေါင်းပေါင်းသည့်ဓလေ့က အလွန်ရှေးကျသည်။ ပုဂံခေတ်လောက်ကတည်းက ရှိခဲ့ပြီလို့ဆိုကြသည်။ ပုဂံခေတ်နရပတေ့မင်းလက်ထက်တွင် အုတ်လှုယ်သည် ဖောင်းထုပ်ကို ချွတ်ကာ ဦးဆွေးဆံမြွေအမှုတော်ထမ်းခဲ့ကြောင်း လျှောက်တင်ဖူးသည်။ ထို့ပြင် သက္ကရာဇ် ၇၉၃ ခုနှစ်က ရေးထိုးခဲ့သော အင်းဝခေတ်ကျောက်စာတစ်ချပ်တွင် သူကြီးများကို ဦးပေါင်းဖျင်တစ်စုံစီ ပေးသည်ဟု ပါရှိသည်။ မဏိရတနာပုံနှင့်ရာဇဝင်ကျမ်းများတွင်လည်း သက္ကရာဇ် ၇၀၀ ကျော်တွင် မြန်မာမင်း၊ ရခိုင်မင်းတို့ ဖောင်းထုပ်ဆင်ခဲ့ကြောင်းဖော်ပြထားသည်။ "ဦးပေါင်းကျားနှင့်မြင်းကျားရှင်"စကားပြေအရ အလောင်းစည်သူ မင်းကြီးကိုယ်တိုင်ပင် ဖောင်းထုပ်ဆင်ယင်ခဲ့ကြောင်း သိနိုင်သည်။ ထို့ပြင် ဝန်ကြီးပဒေသရာဇာ၏ လယ်သမားဘွဲ့တျာချင်းတွင်လည်းတွေ့နိုင်သည်။

ခေါင်းပေါင်းခြင်းဓလေ့သည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ယနေ့ထိရှိနေသောမြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည်။ ရှေးကဘုရင်မင်းမြတ်တို့၏ခေါင်းပေါင်းကိုမူ ခေါင်းအရွယ်ကိုလိုက်၍ အသင့်ချုပ်လေ့ရှိကြသည်။ နန်းတော်အတွင်းမှာပင် ဖောင်းတော်ဆောင်ဟူ၍သပ်သပ်ရှိသည်။ တချို့က နန်းမဆောင်တည့်တည့်ရှိ အဆောင်ကိုဖောင်းတော်ဆောင်ဟုဆိုကြသည်။ ဖောင်းတော်အမျိုးမျိုးကို ထားရှိကြသဖြင့် ဖောင်းတော်ဆောင်ဟုခေါ်ဆိုသည်။ ရှင်ဘုရင်တို့၏ဖောင်းတော်သည် ဦးခေါင်း၏ အနောက်ဘက်တွင် တစ်စကိုမတ်မတ် ထောင်ထားသည် ဖြောင့်မတ်မှန်ကန်ခြင်းသဘောကို ဖော်ပြကြောင်းသိရသည်။ ဖော့လုံးအဖြူသည် စိတ်နှလုံးဖြူစင်သန့်ရှင်းခြင်းသဘောကိုဆောင်သည်။ မင်းညီ၊ မင်းသား၊ မှူးမတ်တို့၏ပေါင်းစမှာ နှစ်စဖြစ်သည်။ ဖောင်းစကိုကြည့်ခြင်းအားဖြင့် နန်းတွင်းလူတို့၏ ရာထူးကိုသိနိုင်ပေသည်။ ရတနာပုံခေတ်တွင် နန်းတော်တံခါးအနီးသို့ဝင်လျှင်မည်သည့် အမှုထမ်းအရာထမ်းမဆို ဖောင်းဖြူပေါင်းရသည်။ သည်နေရာမှာ ခေါင်းပေါင်းဖြူပေါင်းနည်း အမျိုးမျိုးကို ဖော်ပြချင်သည်။ ဖောင်းဖြူပေါင်းရာတွင် ဖော့လုံး၊ ဆင်က၊ နရန်းထုတ်၊ တစ်စထောင်၊ ဆန်အိတ်ကျနည်းစသည်ဖြင့် အမျိုးမျိုးပေါင်းကြသည်။ မင်းညီမင်းသားနှင့် နန်းတော်သားများဖြစ်သော ကွမ်းရည်တော်၊ လက်ဖက်ရည်တော်၊ ဖိနပ်တော်တို့ဆိုလျှင် တစ်စထောင်ဆင်က သို့မဟုတ် နရန်းထုတ်၍ ဖော့လုံးပေါင်းကြသည်။ လွှတ်တော်ငါးရပ်ပေါင်းပုံမှာ ခေါင်းပေါင်းနှစ်စထောင်၍ ၎င်းနှစ်စကို ခပ်ထပ်ထပ်ထားပြီး ဆင်က သို့မဟုတ် နရန်းမပါဘဲရိုးရိုးသာပေါင်းကြသည်။ ရှေးကခေါင်းပေါင်းကို ဆင်းရဲသားမှစ၍ ရှင်ဘုရင်ထိ ခေါင်းပေါင်းကြသည်။

ရှေးကမြန်မာလူမျိုးများသည် ဆံပင်ရှည်ရှည်ကို သျှောင်တစ်စောင်းထုံး၍ နေလေ့ရှိကြသည်။ ခေါင်းပေါင်းရာတွင် ဆံရှည်သျှောင်ကိုဖုံးပြီး ပေါင်းတာရှိသကဲ့သို့ သျှောင်ကိုဖော်ပြီးပေါင်းသည်များလည်းရှိသည်။

ရှေးကမြန်မာလူမျိုးတို့သည် ခေါင်းပေါင်းကို အမြတ်တနိုးပေါင်းလေ့ရှိသည်။ ရှေးမြန်မာတို့သည် မြင်းစီးသည့်အခါတွင်လည်း ခေါင်းပေါင်းကြသည်။ ကုန်းဘောင်ခေတ် ရောက်သည့်အခါ အနောက်တိုင်းဖြစ်ပဝါများဖြင့် ခေါင်းပေါင်းကြကြောင်းကို အနောက်နန်းမိဖုရား မမြကလေးက "မျှော်တော်စိုက်" လေးဆစ်ပါ" နေမှိန်မှိန်ဆင်၊ ဖောင်းတော်ရွှေပုသိမ်နှင့်၊ လာချိန်တန်ပေ့"ဟူသော အဖွဲ့အရသိနိုင်သည်။ ထို့ပြင် မင်းတုန်းမင်းလက်ထက် လယ်ဝန်သံတော်ဆင့် ဆောမြို့စားရေးသည့် လယ်ထွန်မင်္ဂလာဖုံကြီးသံတွင်" ပျိုစိုက်တဲ့လယ်ကန်သင်းမှာ၊ မြင်းနီနှင့်ညနေဆီကို၊ စိုင်သီလို့ပြေးလေ့၊ မြင်လိုက်ကဲ့နော်၊ ခေါင်းပေါ်မှာ တရာကျေးနှင့်၊ ထူးလို့ယဉ်ချေ့လေ့"ဟူသောအဖွဲ့အရ မင်းတုန်းမင်းလက်ထက်တွင် ကျေးရုပ်တစ်ရာရေးခြယ်ထားသော ကျေးတစ်ရာခေါင်းပေါင်းခေတ်စားနေသည်ကို သိစေနိုင်သည်။ ယနေ့ခေတ်မှာလည်း ခေါင်းပေါင်း ပေါင်းလေ့ရှိကြသည်။ အများအားဖြင့်တော့ ကျေးလက်နေတောင်သူ များပေါင်းလေ့ရှိကြသည်။ ယနေ့ခေတ်ခေါင်းပေါင်းကို ပဝါဖြင့်ပေါင်းသူများ ရှိသကဲ့သို့ လွယ်လင့်တကူ ပုဆိုး၊ တဘက်တို့ဖြင့်လည်း ပေါင်းလေ့ရှိကြသည်။ ယနေ့ခေတ် ခေါင်းပေါင်းသူများတွင် အများအားဖြင့် လူကြီးပိုင်းများသာပေါင်းလေ့ရှိကြတော့သည်။ ခေါင်းပေါင်းကို ဇာတ်သဘင်ပွဲ၌ မင်းသားများ ပေါင်းလေ့ရှိကြသည်။ ဇာတ်မင်းသားများပေါင်းလေ့ရှိသောခေါင်းပေါင်းသည် ပုံစံသီးခြားဟုဆိုရပေမည်။ အများအားဖြင့်ခေါင်းပေါင်းစများသည် ဘေးဘက်သို့တွဲလောင်းကျနေသည်သာဖြစ်သည်။ ဇာတ်သဘင် ခေါင်းပေါင်းမှာမူ တစ်မူထူးခြားပြီး အောက်ဘက်သို့ တွဲလောင်းကျမနေဘဲ ခပ်ထောင်ထောင်ဖြစ်နေသည်။ ယနေ့ခေတ်တွင် မြန်မာလူမျိုးများသည် ပုဆိုး၊ လယ်ကတုံး၊ တိုက်ပုံတို့ဖြင့် မောင့်ကျက်သရေ ခေါင်းပေါင်းကိုတွဲ၍ ဝတ်ဆင်လေ့ရှိကြသည်။ ဤကားမြန်မာ့ယဉ်ကျေးမှုဝတ်စုံပင်ဖြစ်သည်။ မြန်မာ့ဓလေ့ခေါင်းပေါင်းကို ပဒ္ဒင်းခံပွဲများ၌ ပဒ္ဒင်းလောင်းများသော်လည်းကောင်း၊ မင်္ဂလာပွဲများ၌ သတို့သားသော်လည်းကောင်း၊ အခြားသော အခမ်းအနားများတွင် မောင့်ကျက်သရေခေါင်းပေါင်းကို ပေါင်းလေ့ရှိကြသည်။ မောင့်ကျက်သရေ ခေါင်းပေါင်းကို ဘူးဖြင့်စနစ်တကျ သိမ်းဆည်းကြရသည်။ ဘိသိတ်ပြိုင်ပွဲ သို့မဟုတ် ဘိသိတ်မြောက်ပွဲများတွင် ဘိသိတ်ဆရာသည် ခေါင်းပေါင်းလေ့ရှိသည်။ ဘိသိတ်ဆရာပေါင်းသော ခေါင်းပေါင်းမှာလည်း မောင့်ကျက်သရေခေါင်းပေါင်းပင်ဖြစ်သည်။

**မြန်မာတို့၏ခေါင်းပေါင်းအမျိုးမျိုး**

ခေတ်စနစ်အကိုလိုက်၍ ရုပ်ဝတ္ထုများပြောင်းလဲသွားတတ်ကြသည်။ လူနေမှုစနစ်၊ ဝတ်စားဆင်ယင်မှုစနစ်၊ စီးပွားရေးအပြင် ယဉ်ကျေးမှုစနစ်လည်း ပြောင်းလဲလာတတ်သည်။ ယခင်ဝတ်စားဆင်ယင်မှုနှင့် ယခုဝတ်စားဆင်ယင်မှုမတူသကဲ့သို့ ခေါင်းပေါင်းပေါင်းခြင်းသည်လည်း ယခင်နှင့်ယခုမတူနိုင်ပေ။ ပုဂံခေတ်မှစ၍ယနေ့ထိ ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့သည်။

ခေတ်စနစ်ကိုလိုက်၍ ခေါင်းပေါင်းနည်းများလည်းမတူပေ။ ကိုလိုနီခေတ်၌ ဒေါက်တာဘမော်၏ခေါင်းပေါင်းပေါင်းနည်းသည် နည်းဆန်းတစ်မျိုးဖြစ်သည်။ခေါင်းပေါင်းပေါင်းရာတွင် ရှေ့အနားသတ်ကို မျက်လုံးနှင့်မျဉ်းပြိုင်ထားမြဲဖြစ်သော်လည်း ဒေါက်တာဘမော်ခေါင်းပေါင်း ပေါင်းသည့်အခါတိုင်း ညာဘက်သို့ခပ်ရွေ့ရွေ့ပေါင်းလေ့ရှိသည်။

နောက်ထပ်ခေါင်းပေါင်း ပေါင်းနည်းတစ်မျိုးမှာ ဘီအေပေါင်းနည်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်ခန့်က တက္ကသိုလ်ကျောင်းသားများတီထွင်၍ ပေါင်းကြခြင်းဖြစ်သည်။ ခေါင်းပေါင်းစကို အစရှည်ရှည်ချထားသော အုပ်ပေါင်းဆန်ဆန်ပေါင်းနည်းဖြစ်သည်။ဘီအေပေါင်းနည်းသည် ဆံပင်ကိုမဖုံးဘဲ ရှေ့က အပြားကြီးကြီး နောက်ကခပ်သေးသေးပေါင်းပြီး အမြိတ်ရှည်ချထားသည်ကို ဘီအေပေါင်းဟု ခေါ်ကြသည်။

❖ ခေါင်းပေါင်းခြင်းဓလေ့သည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ယနေ့ထိရှိနေသော မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည်။ ရှေးကဘုရင်မင်းမြတ်တို့၏ခေါင်းပေါင်းကိုမူ ခေါင်းအရွယ်ကိုလိုက်၍ အသင့်ချုပ်လေ့ရှိကြသည်။ နန်းတော်အတွင်းမှာပင် ဖောင်းတော်ဆောင်ဟူ၍သပ်သပ်ရှိသည်။ တချို့က နန်းမဆောင်တည့်တည့်ရှိ အဆောင်ကိုဖောင်းတော်ဆောင်ဟုဆိုကြသည်။ ဖောင်းတော်အမျိုးမျိုးကိုထားရှိကြသဖြင့် ဖောင်းတော်ဆောင်ဟုခေါ်ဆိုသည်။ ❖

ထို့နောက် ၁၉၃၅ ခုနှစ်ခန့်တွင် တို့ဗမာအစည်းအရုံးဝင်သခင်များသည် ပင်နီဖျင်တဘက်ကို ယုန်နားရွက်ကဲ့သို့ တစ်စထုတ်ပေါင်းလာကြသည်။ ထို့ပြင် အလွယ်တကူ ခေါင်းပေါင်းပေါင်းနိုင်စေရန် စက္ကူခံသည့် ခေါင်းပေါင်းနမူနာကို ၁၉၃၆ ခုနှစ် ဖျာပုံမြို့တွင် ကျင်းပသည့် အစည်းအဝေးတွင် ဦးမြဒင်က ပြသခဲ့ရာ အများစုက နှစ်သက်ကြသဖြင့် ထိုပုံစံအတိုင်း တို့ဗမာအစည်းအရုံးဝင် သခင်များသုံးကြသည်။ သခင်အများစုသည် ခေါင်းပေါင်းကြသည်။ ခေါင်းပေါင်းသည် အမျိုးသားရေးကိုလည်း အခြေခံကြောင်းထင်ရှားသည်။ ၁၉၃၉ ခုနှစ် အရောက်တွင် စက္ကူအစား ကြိမ်ဖြင့်ခံလာကြသည်။ ကြိမ်မှာကြက်ဥကြိမ်ဖြစ်သည်။ ပျော့ပျောင်းပြီး အကြွပ်အဆတ်နည်းသည်။ ကြိမ်ခံခေါင်းပေါင်းကို ရွှေတောင်မြို့ ယောဒေါင့်ရွာ၌ပြုလုပ်သည်။ ၎င်းခေါင်းပေါင်းကို အုပ်ပေါင်းဟုခေါ်ကြသည်။ မောင့်ကျက်သရေ ခေါင်းပေါင်းမှာ ပန်းရောင်၊ ဖက်ဖူးရောင်၊ ထုံးခြောက်ရောင်အပြင် ပိုးပဝါတို့ကိုလည်း ခေါင်းပေါင်းအဖြစ်သုံးကြသည်။ ယခုအခါ ခေါင်းပေါင်းစကို ညာဘက်၌သာ ချထားလေ့ရှိကြသည်။ ခေါင်းပေါင်းချိုးရာတွင် တြိဂံချိုးနည်း၊ မာန်ပေါင်းချိုးနည်းနှင့် ယုန်နားရွက်ချိုးနည်းဟူ၍ သုံးနည်းရှိသည်။

မြန်မာတိုင်းရင်းသားများလည်း ခေါင်းပေါင်းပေါင်းကြသည်။ ဥပမာ-ရှမ်းတိုင်းရင်းသားတစ်ဦး၏ ခေါင်းပေါင်းဆိုလျှင် ၁၂ တောင်ခန့်ရှိသည်။ ခေါင်းပေါင်းပေါင်းသည့်အခါ ပိုးပဝါကပေါ်းလွန်းသည့်အတွက် နဖူးပေါ်တွင် ပဝါကို ၁၂ ထပ်လောက်ပတ်ပြီးပေါင်းရသည်။ တောင်ကြီးမြို့ရှိ ရှမ်းစော်ဘွားကျောင်းတွင် ခေါင်းပေါင်းပေါင်းနည်းကို လူငယ်တွေကအစသင်ထားကြရသည်။ ရှမ်းတိုင်းရင်းသားတို့၏ခေါင်းပေါင်းစက အထက်သို့ထောင်နေသည်။ ထို့ပြင် အလင်္ကာကျော်စွာ ဦးဟန်ပ၊ ဦးဖူးညို၊ အချုပ်တန်းဆရာဖေတို့၊ ဖိုးဝဇီရတို့၏ခေါင်းပေါင်းများသည်လည်းပုံစံတစ်မျိုးစီဖြင့်တွေ့ရသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြန်မာလူမျိုးတို့၏ ခေါင်းပေါင်းခြင်းဓလေ့သည် ပုဂံခေတ်ကစ၍ ယနေ့ထိ ခေတ်အဆက်ဆက်ကို ဖြတ်သန်းတည်ရှိခဲ့သော မြန်မာယဉ်ကျေးမှုဆိုင်ရာ ဓလေ့တစ်ခုဖြစ်သည်။ ယခုအချိန်ထိလည်း တည်ရှိနေသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုလည်းဖြစ်၊ မြန်မာဓလေ့တစ်ခုလည်းဖြစ်သည့် ခေါင်းပေါင်းခြင်းဓလေ့ကို မကွယ်ပျောက်အောင် ထိန်းသိမ်းသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့ခေါင်းပေါင်းဓလေ့-စောမုံညင်း။
- ကျေးလက်ရိုးရာ မြန်မာမှုဓလေ့များ ဆင်ဖြူကျွန်းအောင်သိန်း။

# ပညာရေးနည်းပြများ အလိုရှိသည်

၁။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများနှင့် ပညာရေးကျောင်းများတွင် ပညာရေးနည်းပြ(စာပေ)အဖြစ် အမှုထမ်းဆောင်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ပညာရေးဘွဲ့ရရှိသူများအား ဦးစားပေးမည်။)

( ဂ ) အသက် ၃၀ နှစ်ထက် မကြီးစေရ။

(ဃ) ကျန်းမာရေးကောင်းမွန်ရမည်။

( င ) မည်သည့် ပညာရေးကျောင်းများတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများ ယူဆောင်လာရမည်-

(က) ကိုယ်ရေးအချက်အလက်။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်းနှင့် မိတ္တူ)။

( ဂ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်းနှင့် မိတ္တူ)။

(ဃ) တက္ကသိုလ်၊ သို့မဟုတ် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိကြောင်းထောက်ခံချက်၊ သို့မဟုတ် ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)။

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက်နှင့် ရဲတပ်ဖွဲ့စခန်းတို့မှ ထောက်ခံချက်များ။

၃။ လျှောက်ထားလိုပါက အရည်အချင်းပြည့်မီခြင်း ရှိ/မရှိ စစ်ဆေးခံရန် အောက်ပါပညာရေးကျောင်းများသို့ ၁-၅-၂၀၂၆ ရက်မှစ၍ လူကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်သည်-

(က) အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်မြို့)။

( ခ ) အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)။

( ဂ ) အမှတ်(၁)ပညာရေးကျောင်း(မြိတ်မြို့)။

(ဃ) အမှတ်(၂)ပညာရေးကျောင်း(မိတ္ထီလာမြို့)။

( င ) အမှတ်(၃)ပညာရေးကျောင်း(အောင်ပန်းမြို့)။

( စ ) အမှတ်(၄)ပညာရေးကျောင်း(ရဲမွန်မြို့)။

(ဆ) အမှတ်(၅)ပညာရေးကျောင်း(တောင်ငူမြို့)။

( ဇ ) အမှတ်(၆)ပညာရေးကျောင်း(မော်လမြိုင်မြို့)။

(ဈ) အမှတ်(၇)ပညာရေးကျောင်း(မြစ်ကြီးနားမြို့)။

(ည) အမှတ်(၈)ပညာရေးကျောင်း(လားရှိုးမြို့)။

( ဋ ) အမှတ်(၉)ပညာရေးကျောင်း(ပုသိမ်မြို့)။

( ဌ ) အမှတ်(၁၀)ပညာရေးကျောင်း(စစ်တွေမြို့)။

( ဍ ) အမှတ်(၁၁)ပညာရေးကျောင်း(မုံရွာမြို့)။

( ဎ ) အမှတ်(၁၂)ပညာရေးကျောင်း(ကျိုင်းတုံမြို့)။

၄။ ရွေးချယ်ခန့်အပ်ခြင်းခံရပါက အောက်ပါအကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပါသည်-

(က) **လစာ**

| အဆင့်/အတန်း | အခြေခံလစာ | နှစ်တိုး | ပေါင်း |
|---|---|---|---|
| (၁) တပ်ကြပ်ကြီး/နည်းပြ(စစ်သည်အစားခန့်) | ၁၉၈၀၀၀ | ၂၀၀၀ | ၂၀၀၀၀၀ |
| (၂) ဒုတိယအရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၁၆၀၀၀ | ၂၀၀၀ | ၂၂၆၀၀၀ |
| (၃) အရာခံဗိုလ်/နည်းပြ(စစ်သည်အစားခန့်) | ၂၃၄၀၀၀ | ၂၀၀၀ | ၂၄၄၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၀၀၀၀ ကျပ်အထိ ခံစားခွင့်ရှိသည်။ အပိုထောက်ပံ့ငွေအား နိုင်ငံ့ဝန်ထမ်းများနည်းတူ ခံစားခွင့်ရှိသည်။

( ခ ) နေအိမ်၊ ရေ၊ မီးနှင့် တပ်မတော်ဆေးရုံ/ဆေးခန်းများတွင် ဆေးကုသခွင့် အခမဲ့ ခံစားခွင့်ရရှိမည်။

( ဂ ) လုပ်သက် ၅ နှစ်ပြည့်ပါက ပညာရေးဒီပလိုမာ စာပေးစာယူသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေးဆောင်ရွက်ပေးမည်။

(ဃ) သက်ဆိုင်ရာကျောင်းမှ ကျောင်းဝတ်စုံ တစ်နှစ်လျှင် ၂စုံနှုန်း ထောက်ပံ့ပေးခြင်းနှင့် အခြားထောက်ပံ့မှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာပညာရေးကျောင်းများနှင့် ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။





## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြို့ပြင်ကြီးတောင်ရပ်နေ ဒေါ်သန်းလွင်မှ THE RIVER အမှတ်တံဆိပ်အမည်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းအတွင်းရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်သန်းလွင်ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက သတင်းစာကြေညာချက်နှင့်အတူ THE RIVER အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းလွင်(၅/ဝလန(နိုင်)၀၃၃၉၃၅)
မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊
မြို့ပြင်ကြီးတောင်ရပ်
ဖုန်း 09-986650004

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ဦးကြည်မျိုးဟိန်း(၉/အမရ(နိုင်)၁၁၇၄၂၈)သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိ၏စိတ်သဘောဆန္ဒဖြင့် မိသားစုနှင့် ညီအစ်ကိုမောင်နှမအပေါ် စိတ်ဆင်းရဲအောင်ပြုလုပ်မှုများအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ဦးကြည်မျိုးဟိန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးအား ကျန်ရှိသူမိသားစု မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် သက်ဆိုင်ခြင်းတစ်စုံတစ်ရာမရှိသည့်အပြင် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းဆောင်ရွက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ မိသားစုမိဘ၊ ညီအစ်ကိုမောင်နှမများထံ လာရောက်ဖြေရှင်းခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်အောင်ဆောင်ရွက်ခြင်းများ ပြုလုပ်လာပါက ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်ထွေး + ဒေါ်သိန်းသိန်းထွေး

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊
ပြည်ကြီးတံခွန်မြို့နယ်၊
(က)ရပ်ကွက်နေ
မခင်ဆွေဝင်း (ဘ) ဦးအောင်လှ
(၁၄/ပသရ(နိုင်)၁၁၁၀၅၂)၏
နိုင်ငံကူးလက်မှတ်အမှတ်
(MA-08782)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
09-771214237

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊
အောင်မြေသာစံမြို့နယ်နေ
မနှင်းဝတ်ရည်
(ဘ) ဦးတိုးတိုး
(၉/အမဇ(နိုင်)၀၂၃၃၇၈)၏
နိုင်ငံကူးလက်မှတ်
အမှတ်(မမှတ်မိ)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
09-43099088

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်

| | | |
|---|---|---|
| ရည်ရွယ်ချက် | - | ပြည်ပသွင်းကုန်အစားထိုး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး ကျန်းမာရေးနှင့်ညီညွတ်သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တတ်စေရန်၊ လူသုံးကုန်ပစ္စည်းများတွင်ပါဝင်သော ဓာတုပစ္စည်းများအကြောင်း နားလည်တတ်ကျွမ်းကြစေရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းအသစ်များ ပေါ်ထွန်းလာစေရန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် |
| သင်တန်းကာလ | - | ၁၁-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ |
| သင်တန်းချိန် | - | နံနက် (၀၉:၀၀)နာရီမှ (၁၆:၀၀)နာရီထိ |
| ဖွင့်လှစ်မည့်နေရာ | - | ၈၂ လမ်း၊ ၂၅ လမ်းထောင့်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန |
| ပို့ချမည့်ဘာသာရပ်များ | - | ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ Shampoo၊ ရေချိုးဆပ်ပြာရည်၊ ဆပ်ကြာခဲ၊ Scrub၊ သဘာဝခေါင်းလျှော်ရည်၊ Chemical များ၏ ကောင်းကျိုးဆိုးကျိုးများ |
| အထောက်အကူပြု ဘာသာရပ် | - | ဈေးကွက်ဆိုင်ရာနည်းပညာများ၊ စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့၏ ပို့ချချက်များ |
| သင်တန်းပို့ချမည့်ဆရာများ | - | မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ ကိုယ်တိုင်ပို့ချပါမည်။ |

သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဤဌာနမှ လိုအပ်သော အကြံဉာဏ်များနှင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပါမည်။

**ဆက်သွယ်စာရင်းပေးရန်**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ၈၂ လမ်း၊ ၂၅ လမ်းထောင့်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၉၆၀၉၊ ၀၉-၆၇၅၇၈၂၁၂၄၊ ၀၉-၉၅၈၁၈၁၁၆၂၊

**သင်တန်းဆင်းလက်မှတ်ပေးအပ်ပါမည်။**

**သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မှုဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

အိမ်ပြင်ပဌ် ထွန်းသော မီးများကို နေ့အလင်း ရောင်ရှိ ချိန်တွင် ပိတ်ထား ခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်နေရာများကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့



နေပြည်တော် မေ ၆

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့်ဒေသများ၌လည်း အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation)ဖြင့် မြို့ရွာများကို အဆင့်ဆင့်ပြန်လည်သိမ်းပိုက်၍ ပြည်သူအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို အပိုင်းလိုက် ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စာမျက်နှာ ၂၄ ကော်လံ ၁ ☆

အောင်ပွဲရတပ်မတော်သားများကို ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

နိုင်ငံတော်သာယာရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ပေး ဆောင်းပါး

စာမျက်နှာ - ၂၈

နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

စာမျက်နှာ - ၂၆

# အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖလမ်းမြို့သို့ ရောက်ရှိ

နေပြည်တော် မေ ၆

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဖလမ်းမြို့ကို ဧပြီ ၂၅ ရက်တွင် တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဖလမ်းမြို့နယ်တစ်ဝိုက်ကို အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စာမျက်နှာ ၂၅ ကော်လံ ၁ ❖



အစိုးရ၏အုပ်ချုပ်ရေးယန္တရားများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဖလမ်းမြို့သို့ ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာမှုကို တွေ့ရစဉ်။

Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းငွေဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

